There must be more efforts like this to put Myanmar's generals on notice that they will be held to account and that their days are numbered. Above all, the people of Myanmar must know that their courageous struggle for justice is supported by the outside world and that they are not forgotten.

*Chris Gunness is the Director of the Myanmar Accountability Project, where Damian Lilly is Director of Protection.*

https://www.myanmar-now.org/en/news/icj-hearing-is-a-chance-to-show-myanmars-failed-coup-leaders-that-their-days-are-numbered

--------------------------------------------------------------------------------------------

## ULA emphasizes on a better future with Bangladesh on International Mother Language Day

Monday, February 21, 2022 | Narinjara



The United League of Arakan (ULA) on the occasion of International Mother language Day on Monday emphasized on bolstering a better future with Bangladesh.

In a media release titled ‘Statement of Solidarity’ the ULA mentioned that it is an occasion for us too  to commemorate the diversity of languages and cultures that the Mother World has embraced.

Mentioning that 21 February 2022 is the 23rd International Day of Mother Language, recognized by UNESCO, the ULA/AA has taken the opportunity to congratulate all people of the world on their mother tongue languages.

Mentionable is that the ULA is a political body of the Arakan Army and remain keen in improving ties with Bangladesh. It is one of the most active armed groups in Myanmar (Burma), which is fighting the Union government for their self-determination and sovereignty.

The ULA  statement in the beginning  paid tributes to the heroes and language, numerous martyrs who died fighting for the recognition of Bengali as the official language in their land during the 1971 Bangladesh War of Independence against the then west Pakistan regime.

Furthermore, the statement added, under the charismatic leadership of Sheikh Mujibur Rahman, founding father of Bangladesh, the people of Bangladesh were able to achieve their priceless and invaluable sovereignty and independence in 1971 which is also the primal foundation for maintaining the political and cultural identity of a nation.

The ULA statement also  mentioned about the historical ties between the Bengalis and the Arakanese people.

“Our forefathers from the lands of Bengal and Arakan stove to have their respective civilizations thrive on the Bay of Bengal and on the bank  Naff river. They constitute the natural bond between the people and regions of Bangladesh and Arakan.  We deeply regard that both of our societies are historically and culturally interlinked. The Arakanese community is a part of the Bengali nation, and in the same way the Bengali community is a part of our Arakan nation. Since both territories are comprised of our brothers and sisters, we firmly believe that it is our responsibility to serve both of our people for the best,” said the statement.

In the concluding paragraph, it expressed pleasure in sending the statement  on behalf of the Rakhine people and wished to further enhance future relations with Bangladesh.

“Sending this statement of solidarity on this day on behalf of the Arakan people is an honour for us. We profoundly believe that the restitution of Arakan sovereignty to our people is the ultimate aim of our national liberation movement and the right to our mother tongue language is also a part of that. We desire to bolster a better future between our nations & regions in terms of military, economic, culture and diplomatic relations.

It concluded saying, “Good neighbours shall be good friends. May Bangladesh live forever!”

https://www.bnionline.net/en/news/ula-emphasizes-better-future-bangladesh-international-mother-language-day

---------------------------------------------------------------------------------------------------------

## Villagers Flee Fighting In Momauk Township

By Network Media Group | Monday, February 21, 2022



At least three villages have fled after fighting broke out with the Kachin Independence Army (KIA) after regime soldiers entered the area they controlled in Momauk Township, not far from a junta camp taken by Kachin soldiers on Alaw Bum last March.

Villagers from Wa Wam, Hka Nan and Lon Ja in Bhamo District took shelter in a church and with their relatives, fearing that the hour-long clash last week would escalate further. “People are really worried about the fighting,” a senior citizen told NMG, asking that his name not be published.

According to locals, the regime had information about KIA troops near Wa Wam, close to Momauk town, and sent 100 battle-ready soldiers to the area, which is about 10 miles from Myo Thit and Kong Lor, located on Salaung Mountain, adjacent to Alaw Bum.

Locals said some regime fighters perished in the fighting, but NMG couldn’t independently confirm this information.

After the KIA captured the military’s strategically important hilltop camp on Alaw Bum in March last year, fighting continued in Myo Thit, Kong Lor and Sihert, with airstrikes on Kachin soldiers and civilians. However, the junta failed to reassert its position in the area.

The KIA has repeatedly fought against the regime in Kachin and northern Shan states and has regained control of many areas it lost before the coup a year ago.

https://www.nmg-news.net/2022/02/21/17866

----------------------------------------------------------------------------------------------------

## RCSS Agrees To Resolve Incident With PNLO In Southern Shan State

By **SHAN** - February 19, 2022



PNLO and RCSS

After an exchange of fire between their armies, leaders of the Restoration Council of Shan State (RCSS) and the Pa-O National Liberation Organisation (PNLO) have agreed to resolve the incident in southern Shan State “peacefully”.

RCSS spokesperson Maj Kham San called it an "engagement" rather than a "clash" and said both sides were communicating with each other.

He said RCSS and the PNLO's armed wing, the Pa-O National Liberation Army (PNLA), were suddenly involved in a 30-minute firefight in the Kadu Gyi (Guang Tu Lung – in shan language)area of Mawkmai Township when RCSS soldiers were on patrol on 16 February. After they withdrew, the shooting stopped. The RCSS spokesperson couldn't say if there were any fatalities.

According to PNLO vice chair Khun Myint Tun, the RCSS troops arrived unannounced near Yan Kin Nee village and opened fire on their Pa-O soldiers standing guard. He said both sides had signed an agreement in 2017 to resolve all issues peacefully and would do so, adding that his military leaders were negotiating with the RCSS over the matter. Both ethnic armed organisations signed the so-called Nationwide Ceasefire Agreement with the former government and the military.

After splitting from the Shan State Nationalities People's Liberation Organisation (SSPLO) in 2007, when SSPLO was ordered by the Burma Army to become a border guard force, the PNLO moved into RCSS-controlled areas along the Thai border.

Wednesday's 'engagement', however, was not the first time the two sides have fought in the area. The RCSS is also fighting the Shan State Progress Party for areas in southern and northern Shan State and also against the Ta'ang National Liberation Army in the north.

https://english.shannews.org/archives/24702

---------------------------------------------------------------------------------------------------------

## Villagers Flee Fighting In Hopong Township

By **SHAN** - February 21, 2022




Northern alliance troop reach to Mong Larng Hopong township southern shan state

Fighting between armed ethnic groups has forced more civilians to flee their homes in Burma's southern Shan State.
Last Friday, two clashes took place between the Restoration Council of Shan State and Northern Alliance groups – the Shan State Progress Party and the Ta'ang National Liberation Army.

The first skirmish took place in the morning in Mong Larng in Hopong Township when the armed groups engaged in a firefight for an hour, a source from the area told SHAN, without releasing his name. The second incident occurred at 2pm the same day. "We heard heavy gunfire and as the fighting intensified, the villagers fled."

A woman, who also preferred not to give her name, told SHAN that the Mong Larng

residents were staying at the Wam Yein Buddhist monastery in Panglong Township near Hopong.

“When we heard the gunfire, we ran away,” she said. “Most of the people displaced from the village are elderly people who couldn’t carry anything with them when they left the village.

An anonymous resident from Mong Kung told SHAN that villagers from Nawng Moon have sought refuge in the town in the township of the same name, which borders the other two townships.

The armed groups have ignored repeated calls from the Shan community to stop fighting over areas in southern and northern Shan State and begin peace talks to end the conflict, which has intensified since the coup.

https://english.shannews.org/archives/24705

-----------------------------------------------------------------------------------------------

## တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင်အယောက် ၈၀ ကျော်သေဆုံးဟု NUG ထုတ်ပြန်

Published By DVB | 21 February, 2022




ပြည်သူ့ခုခံတော်လှန်စစ်အတွင်း ဖေဖော်ဝါရီ ၂၀ ရက် တရက်တည်း စစ်ကောင်စီတပ်ဖွဲ့ဝင် ၈၃ ယောက် သေဆုံးခဲ့တယ်လို့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ထုတ်ပြန်ပါတယ်။

ခုထုတ်ပြန်ထားတဲ့ အချက်လက်ဟာ မြေပြင်အခြေအနေမှာ ပိုများနိုင်ပြီး တရက်တည်း ထိခိုက်ဒဏ်ရာရရှိတဲ့သူ အရေအတွက်ကတော့ ၁၆ ယောက်ရှိခဲ့တယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ် ဖြတ်နေမှုတွေကို ပြည်သူလူထုတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ် (Peoples Defensive War) ကို ဆင်နွှဲနေကြတာပါ။

နိုင်ငံတဝန်းမှာတော့ မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်မှ အပြီး တိုင်ချုပ်ငြိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြတဲ့ လူထုသပိတ်တိုက်ပွဲတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အနှံ့အပြား ဖြစ်ပွားနေပါတယ်။

လူထုသပိတ်တိုက်ပွဲတွေအနေနဲ့ မနေ့က တရက်တည်းမှာ မကွေးတိုင်းနဲ့ တနင်္သာရီတိုင်းတွေမှာ ၁ ကြိမ်စီ၊ မန္တလေးတိုင်းမှာ ၃ ကြိမ်နဲ့ စစ်ကိုင်းတိုင်းမှာ ၁၃ ကြိမ်နဲ့ အများဆုံးဖြစ်ပွားခဲ့တယ်လို့ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) က ထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/518195

----------------------------------------------------------------------------------------------------------

## စစ်ကောင်စီက PDF ကို တိုက်ရာတွင် ကသည်းသူပုန်များသုံးနေ

By ဧရာဝတီ | 19 February 2022

မြန်မာစစ်ကောင်စီသည် ပြည်သူ့ကာကွယ်ရေးတပ် (PDF) များကို နှိမ်နင်းရာတွင် အိန္ဒိယအစိုးရကို လက်နက်ကိုင် တိုက်နေသည့် ကသည်းသူပုန်များအား အသုံးပြုနေသည်။

PDF များသည် မြန်မာနိုင်ငံတွင် ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်က အာဏာသိမ်းပြီး နောက်ပိုင်း ပေါ်ပေါက်လာသော စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး လက်နက်ကိုင် တော်လှန်နေသည့်တပ်ဖွဲ့ ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် Meitei ဟု ခေါ်ပြီး မြန်မာနိုင်ငံတွင် ကသည်းဟု လူသိများသော မဏိပူရပြည်နယ်ဇာတိသား ကသည်းသူ ပုန်များသည် လက်နက်ကိုင်အဖွဲ့ ၃ ခုထက်မနည်း ဖွဲ့စည်းထားပြီး လက်ဝဲအယူအဆ ကိုင်စွဲကာ အိန္ဒိယမှ မဏိပူရပြည်နယ် လွတ်လပ်ရေး တောင်းဆိုတော်လှန်နေသူများ ဖြစ်သည်။

အဆိုပါ သူပုန်အဖွဲ့များအနက် ပြည်သူ့လွတ်မြောက်ရေးတပ် (PLA)၊ Kangleipak ပြည်သူ့တော်လှန်ရေးပါတီ (PREPAK)၊ ညီညွတ်သော အမျိုးသားလွတ်မြောက်ရေးတပ်ဦးနှင့် Kangleipak ကွန်မြူနစ်ပါတီတို့မှာ အိန္ဒိယအရှေ့မြောက်ဒေသတွင် လူသိများသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီ ဝန်းကျင်တွင် စစ်ကိုင်းတိုင်း အနောက်ပိုင်း တမူးခရိုင်ထဲရှိ အာဏာသိမ်းမှု ဆန့်ကျင် သည့် ကူကီးအမျိုးသားတပ် (KNA) စခန်းတခုကို ပျူစောထီးနှင့် ကသည်းသူပုန်များ ပါဝင်သည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၅၀ ခန့်သည် တိုက်ခိုက်ရန် စစ်ကြောင်းထိုးလာခဲ့သည်။

အဆိုပါ စစ်ကြောင်းကို KNA က ခြုံခိုတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၂ ဦး ဒဏ်ရာရခဲ့ကြောင်း၊ ပျူစောထီးနှင့် ကသည်းများသည် ပြည်သူဘက် မရပ်တည်ဘဲ စစ်ကောင်စီနှင့် ဆက်လက် ပူးပေါင်းနေပါက သည်းခံခွင့်လွှတ်မည် မဟုတ် ကြောင်း KNA က သတိပေးထားသည်။

အိန္ဒိယ-မြန်မာနယ်စပ် မြန်မာပိုင် တမူးမြို့နယ်တွင် စစ်ကောင်စီကို လက်နက်ကိုင် တိုက်နေသည့် တမူး PDF – တပ်ရင်း (၁) မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ဘမန်ကလည်း မြေပြင်အခြေအနေတွင် ကသည်းလက်နက်ကိုင်များသည် အာဏာသိမ်း စစ်ကောင်စီနှင့် ပူးပေါင်းစစ်ရေး လှုပ်ရှားမှုများ ရှိနေကြောင်း ဆိုသည်။

၎င်းက "သူတို့ တိုက်ခိုက်ရေးမှာလည်း ပါတယ်။ ကျနော်တို့ ပထမဦးဆုံး PDF တပ်ရင်း ၁၊ ၂၊ ၃၊ ၄ ဖြစ်မလာခင်က ကျနော်တို့ အရင်ဆုံး တမူးက လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တွေ အကုန်ပူးပေါင်းပြီး ကွန်ဒေါင်း (တမူးမြောက်ဘက်မှရွာ) တိုက်ပွဲကို တိုက်တယ်။ ၂၀၂၁ မေလ ၁၂ ရက်ကပေါ့။ အဲဒီထဲမှာ သေသွားတဲ့အထဲမှာ ကသည်း ၄/၅ ယောက်လောက်ပါတယ်" ဟု ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၉ ရက်ကလည်း တမူးမြို့နယ် အောင်ဇေယျတံတားအနီး PDF များအား လိုက်လံတိုက်ခိုက်သည့် စစ်ကောင်စီ တပ်ဖွဲ့ဝင် ၈ ဦးသည် အိန္ဒိယနိုင်ငံဘက်အခြမ်း နယ်ကျွံဝင်သွားသဖြင့် အိန္ဒိယအစိုးရ၏ အမှတ် (၁၃) အာသံ ရိုင်ဖယ်တပ်ရင်းက ဖမ်းဆီးခဲ့သည်။

အဖမ်းခံရသည့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၈ ဦးအနက် ကသည်းသူပုန် ၂ ဦး ပါဝင်ကြောင်း ဒေသခံများက ပြောဆိုကြသော် လည်း တမူး PDF အနေဖြင့် သီးခြားအတည်မပြုနိုင်သေးကြောင်း တမူး PDF – တပ်ရင်း (၁) မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ် ဘမန်က ပြောသည်။

သို့သော် အဖမ်းခံရသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များကို အမှတ် (၁၃) အာသံရိုင်ဖယ်တပ်ရင်းက ယင်းနေ့ ညနေပိုင်းမှာပင် ပြန်လွှတ်ပေးလိုက်သည်ဟု ဒေသခံများထံမှ သိရကြောင်း ၎င်းက ဆိုသည်။

အိန္ဒိယဘက်က ကသည်းသူပုန်များကို ပြန်မလွှတ်ဘဲ စစ်ကောင်စီ တပ်ဖွဲ့ဝင်များကိုသာ ပြန်လွှတ်ပေးခြင်း ဖြစ်ကြောင်း ဒေသတွင်းသတင်းများ ထွက်နေသော်လည်း ဧရာဝတီက သီးခြား အတည်မပြုနိုင်သေးပေ။



PLA တပ်ဖွဲ့ဝင်များ (ဓာတ်ပုံ – Imphal Free Express)

ပြီးခဲ့သည့် ၂၀၂၁ နိုဝင်ဘာလတုန်းကလည်း မြန်မာနိုင်ငံဘက်မှလာသော ကသည်း PLA ပြောက်ကျားများက အာသံရိုင် ဖယ်တပ်ကို မဏိပူရပြည်နယ်၊ ချူရာချန်ပါခရိုင်တွင် ခြုံခိုတိုက်သောကြောင့် အိန္ဒိယစစ်တပ်မှ ဗိုလ်မှူးကြီး ၁ ဦးနှင့် ဇနီး၊ ၄ နှစ်အရွယ် သားငယ်နှင့် အခြားတပ်ဖွဲ့ဝင် ၁ ဦး သေဆုံးခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ အိန္ဒိယအစိုးရဘက်က ကသည်းသူပုန်များနှင့် သူပုန်များကို လက်ခံထားသော အာဏာ သိမ်း စစ်ကောင်စီကို ဒေါသထွက်နေဆဲ ဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူအချို့က ပြောသည်။

တမူး PDF – တပ်ရင်း ၁ မှ ဗိုလ်ဘမန်ကလည်း ချူရာချန်ပါခရိုင်တွင် ကသည်းသူပုန်များ ခြုံခိုတိုက်ခိုက်နိုင်ရေး အာဏာ သိမ်း စစ်ကောင်စီဘက်တွင် တာဝန်မကင်းကြောင်း ဆိုသည်။

၎င်းက “PLA လာမယ့် ဘက်အခြမ်းမှာ ထိုင်တာက တမူး PDF ရင်း ၃ ပေါ့။ ရင်း ၃ လှုပ်ရှားနယ်မြေကို သူတို့ တောက်လျှောက် ဖိတယ်။ မကြာဘူး ၁/၂ ပတ် ပြီးတော့ အဲဒီအသံ ထွက်လာတာ။ ပြောချင်တာက ဒီကောင်တွေ ဖိပြတယ်ပေါ့ဗျာ။ ဖိပြ ပြီးတော့မှ လမ်းရှင်းပေးတဲ့ သဘောလို့ မြင်ရတယ်။ သူတို့ လမ်းရှင်းပေးတယ်။ ပြီးတော့ ဝင်သွားတယ်။ တိုက်တယ်။ ပြီးတော့ ပြန်ဆုတ်လာတယ်” ဟု ရှင်းပြသည်။

PLA နှင့် အခြားသူပုန်အုပ်စုများ အခြေချနေသော မြန်မာနိုင်ငံပိုင်နက်အတွင်းမှ စခန်းများကို PDF နှင့် မဟာမိတ်ဖြစ်သည့် ချင်းအမျိုးသားတပ်ဦး (CNF) ကဲ့သို့သော ဒေသခံတိုင်းရင်းသားကာကွယ်ရေးတပ်များက သွားရောက် တိုက်ခိုက်ခဲ့သည် လည်း ရှိသည်။

CNF ၏ လက်နက်ကိုင်တပ်ဖြစ်သော ချင်းအမျိုးသားတပ်မတော် (CNA) က ဇန်နဝါရီ ၁၄ ရက်တွင် တမူးမြို့တောင်ဘက်ရှိ ဆီနမ် ရွာအနီး တပ်ဆွဲနေသော PLA စခန်းတခုအား သွားရောက် တိုက်ခိုက်ခဲ့သေးသည်။

အဆိုပါ စခန်းတွင် PLA နှင့် အိန္ဒိယအစိုးရကို တော်လှန်နေသော အခြားလက်နက်ကိုင်အဖွဲ့တဖွဲ့မှ တပ်ဖွဲ့ဝင်အင်အား ၁၂၀ ခန့်က တပ်စွဲနေခြင်းလည်း ဖြစ်သည်။

နာရီအတန် ကြာမြင့်သည့် အဆိုပါတိုက်ပွဲတွင် CNA ဘက်မှ တပ်ဖွဲ့ဝင် ၁ ဦး ကျဆုံးကာ မဏိပူရသူပုန်များဘက်မှ ၁၀ ဦးကျော် သေဆုံးကြောင်း သိရသည်။
CNF ပြောခွင့်ရ ဆလိုင်းထက်နီက “ကျနော်တို့ ဇန်နဝါရီ ၁၄ ရက်မှာ ချင်းပြည်နယ် မြောက်ပိုင်းအစွန် တွန်းဇံမြို့နယ်ထဲမှာ တိုက်ပွဲ ဖြစ်တယ်။ အဲဒီတိုက်ပွဲမှာ သူတို့ (မဏိပူရသူပုန်များ) သုံးတဲ့ လက်နက်ကြီးတွေ၊ ကျည်တွေ ကြည့်လိုက်ရင် စစ်ကောင်စီသုံးတဲ့ စစ်ကောင်စီလက်သုံး လက်နက်တွေ ဖြစ်နေတယ်။ စစ်ကောင်စီရဲ့ ဗဟိုအဆင့်၊ တိုင်းအဆင့်က မသိ ရင်တောင်မှ အောက်ခြေက ချိတ်ဆက်မှုတွေ၊ ပူးပေါင်းလုပ်ဆောင်မှုတွေ ရှိနေတယ်” ဟု ဆိုသည်။

မြန်မာစစ်ကောင်စီသည် တဖက်တွင် အိန္ဒိယအစိုးရကို တော်လှန်သည့် လက်နက်ကိုင်များအား မြန်မာနိုင်ငံထဲ ခိုလှုံ ခွင့်ပေးပြီး အိန္ဒိယအာဏာပိုင်များကို လှည့်ဖြားနေကြောင်း ဆလိုင်းထက်နီက ပြောသည်။

ချင်းပြည်နယ်ထဲတွင်လည်း အိန္ဒိယအစိုးရနှင့် သဘောတူညီချက်ရရှိပြီး ပြည်သူ့စစ်အသွင် ရပ်တည်နေသည့် ဇိုမီးတော် လှန်ရေးတပ် (ZRO/ZRA) အဖွဲ့သည် ဒေသကာကွယ်ရေး တပ်ဖွဲ့စခန်းအချို့ကို စီးနင်းဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ပြီး စစ်ကောင်စီကို ခုခံတွန်းလှန်နေသည့် ချင်းအမျိုးသားတပ်ဦး (CNF/CNA) နှင့်လည်း တိုက်ပွဲအချို့ မကြာသေးမီက ဖြစ်ပွား ထားသည်။

ZRA ဘက်က မည်သည့် အာဏာရှင်အစိုးရ၊ စစ်တပ်လက်အောက်တွင်မှ ပူးပေါင်း လုပ်ဆောင်နေခြင်း မရှိဟု ကြေ ညာသော်လည်း CNF ဘက်ကမူ ZRA သည် စစ်ကောင်စီနှင့် ပူးပေါင်းစစ်ရေးလှုပ်ရှားနေကြောင်း အခိုင်အမာ ပြောသည်။

"အဲဒီ ZRO/ZRA က စစ်ကောင်စီနဲ့ ဆက်စပ်မှုတွေ ရှိနေတယ်။ အဲဒါက ဘာလဲဆိုတော့ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေ ကို မောင်းထုတ်တယ်။ သတ်ဖြတ်တာတွေ လုပ်တယ်။ နောက်ပြီး ဇန်နဝါရီအတွင်းမှာပဲ စစ်ကောင်စီနဲ့ ကျနော်တို့ ကြားထဲ မှာ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ZRA က တရားဝင် ပါလာမှုတွေ ရှိတာပေါ့" ဟု ဆလိုင်းထက်နီက ပြောသည်။



ကသည်းသူပုန်အဖွဲ့ တဖွဲ့ဖြစ်သည့် Kanglei Yawol Kanna Lup – KYKL ကို ၂၀၁၈ခုနှစ်က တွေ့ရစဉ် / e-pao

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် ပေါ်ပေါက်လာသည့် ပြည်သူ့လွတ်မြောက်ရေးတပ် – နာဂ (PLA-N) ၏ တာဝန် ခံ ကိုပီတာကလည်း မဏိပူရသူပုန်များသည် မြန်မာနိုင်ငံတွင် အာဏာသိမ်းမှုကို မကြိုက်သော်လည်း ၎င်းတို့အား မြန်မာ ပြည်တွင် နေထိုင်ခွင့်ကို စစ်တပ်က ပေးထားသောကြောင့် မြန်မာစစ်တပ်အား မလွန်ဆန်နိုင်ကြဘဲ စစ်တပ်အလိုကျသာ လိုက်လုပ်နေရခြင်း ဖြစ်ကြောင်း ဆိုသည်။

၎င်းက "တမူးရဲ့ အထက်ဘက်မှာတော့ သူတို့ရဲ့ ဇရာမတော်တော်ကြီးတဲ့ စခန်းတွေ ရှိတယ်။ တမူးမှာဆိုရင်လည်း စခန်းပုံစံ မဟုတ်ဘဲနဲ့ ရပ်ကွက်ပုံစံ နေကြတယ်။ သူတို့ကလည်း အားလုံးနီးပါးက စစ်ကောင်စီကို မကြိုက်ပါဘူး။ နွေဦးတော်လှန်ရေး ကို အားပေးလိုတဲ့ သဘောတော့ ရှိတယ်။ အခြေအနေက အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က သူတို့တွေကို ဒီနေရာ မှာ အခြေချခွင့် ပေးထားတာ မဟုတ်ဘူး။ စစ်ကောင်စီနဲ့ ပတ်သက်တဲ့ တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ နားလည်မှုယူ ခိုနားခဲ့တဲ့ အခွင့်အရေး ရခဲ့တာဆိုတော့ သူတို့က စစ်တပ်ကို ရာနှုန်းပြည့်ဆန့်ကျင်ဖို့ အဆင်မပြေတဲ့ အနေအထားပေါ့" ဟု ပြောသည်။

အိန္ဒိယနိုင်ငံအခြေစိုက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာမှု သုတေသီတဦးဖြစ်သူ Angshuman Choudhury ကလည်း မြန်မာစစ်ကောင်စီသည် အိန္ဒိယကို တော်လှန်နေသည့် သူပုန်များကို PDF အား တိုက်ခိုက်ရာတွင် သုံးနေကြောင်း ဖေဖော် ဝါရီ ၁၇ ရက်ထုတ် The Indian Express သတင်းစာတွင် ရေးသားထားသည်။

အိန္ဒိယ အနေဖြင့် တရုတ်နိုင်ငံဘက် မြန်မာနိုင်ငံ ပါသွားမည်ကို စိုးရိမ်သဖြင့် အာဏာသိမ်း မြန်မာစစ်ကောင်စီကို လူသိ ရှင်ကြား မဝေဖန်ခဲ့သော်လည်း မြန်မာစစ်ကောင်စီသည် ပြည်တွင်းနိုင်ငံရေးဝန်းကျင်ကို တည်ငြိမ်ရန် မထိန်းနိုင်ကြောင်း၊ အလားတူ နယ်စပ်လုံခြုံရေးကိုလည်း ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ကြောင်း ၎င်းက သုံးသပ်သည်။

ထို့ကြောင့် မြန်မာနှင့် အိန္ဒိယအကြား ဆက်ဆံရေးနှင့် ပတ်သက်၍ အိန္ဒိယအစိုးရ အနေဖြင့် ပြန်လည် စဉ်းစားသုံးသပ်သင့် ကြောင်း Angshuman Choudhury က တိုက်တွန်းသည်။

အိန္ဒိယ-မြန်မာနယ်စပ်ရှိ PDF များကမူ ၎င်းတို့၏ အဓိက ပစ်မှတ်သည် အာဏာသိမ်း စစ်ကောင်စီ ဖြစ်သော်လည်း စစ်ကောင်စီနှင့် ပူးပေါင်းသည့် မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တိုက်ခိုက်သွားမည် ဖြစ်ကြောင်း ပြောဆိုသည်။

တမူး PDF – တပ်ရင်း (၁) မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ဘမန်က "ကျနော်တို့ အဓိက ပစ်မှတ် (Target) က ကသည်းတော့ မဟုတ်ဘူး။ စစ်အာဏာရှင်ပေါ့။ ကျနော်တို့ ထုတ်ပြန်ထားတဲ့ အထဲမှာက စစ်အာဏာရှင်တွေနဲ့ ပူးပေါင်းတဲ့ ဘယ်လက်နက်ကိုင် အဖွဲ့ အစည်း မဆိုပေါ့ ကျနော်တို့က တိုက်သွားမှာပဲ။ သူတို့ မပေါင်းရင် တိုက်စရာမလိုဘူး။ ပေါင်းနေရင်တော့ ဒါက တိုက်ရင်းနဲ့ ပါတာပဲဗျ။ ကျနော်တို့ အဓိက Main Target က အာဏာရှင်စနစ် ပပျောက်ဖို့အတွက် တိုက်ပွဲဝင်နေတာ" ဟု မှတ်ချက်ပြု သည်။

https://burma.irrawaddy.com/news/2022/02/19/250038.html

---------------------------------------------------------------------------------------------------

## ဒီပဲယင်းမြို့နယ်အတွင်း စစ်ကောင်စီတပ် မိုင်းဆွဲခံရ၊ ၁၀ ဦးထက်မနည်းသေဆုံး

Published By DVB | 21 February, 2022




ဒီပဲယင်းမြို့နယ်အတွင်း စစ်ကောင်စီတပ်ကို ပြည်သူကာကွယ်ရေးတပ်တွေက ဖေဖော်ဝါရီ ၂၁ ရက် မနက် ၅ နာ ရီ၁၅ မိနစ်လောက်မှာ မိုင်းဆွဲတိုက်ခိုက်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ဒီပဲယင်းမြို့နယ် ပျံကျကျေးရွာအနီးမှာ မိုင်းဆွဲတိုက်ခိုက်ခဲ့တာလို့ ဒီပဲယင်းပကဖအဖွဲ့ တာဝန်ရှိသူတစ်ဦးက DVB ကို အတည်ပြုပြောပါတယ်။

"စိုင်ပြင်ကနေ ဒီပဲယင်းမြို့ကို ထွက်လာတဲ့ စခတွေကို မိုင်းဆွဲခဲ့တာ။ အင်အားအယောက် ၂၀ လောက်ပါတယ်။ အဲ့တာကို မိုင်းဆွဲခဲ့တာ။ ထိထိမိမိကိုခွဲခဲ့တာ။ ၁၀ ဦးထက်မနည်း ကျဆုံးနိုင်မယ်။ ထိခိုက်ဒဏ်ရာရသူလည်း များနိုင်တယ်ဗျ။ ကျနော်တို့ဘက်ကတော့အထိအခိုက် အကျဆုံးမရှိခဲ့ဘူး။"

မိုင်းဆွဲတိုက်ခိုက်ခံရတာကြောင့် သေဆုံးဒဏ်ရာမှုအခြေအနေကို စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာ မရှိသေးသလို DVB အနေနဲ့ သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပါဘူး။

ဒီပဲယင်းမြို့နယ်အတွင်း စစ်ကောင်စီတပ်ရဲ့ စစ်ကြောင်းထိုး ရှာဖွေတာတွေ နေစဉ်လုပ်နေတာ ကြောင့် ဒေသခံတွေ စစ်ဘေးရှောင်နေကြရပါတယ်။

https://burmese.dvb.no/archives/518171

---------------------------------------------------------------------------------------------------

## မင်းကင်း-ကနီ နယ်စပ်တိုက်ပွဲ စစ်ကောင်စီတပ်ဖွဲ့ဝင်နှင့် ပျူစောထီးဆိုသူ ၃၀ ကျော်သေဆုံး ဟုဆို

By မဇ္ဈိမ | 21 February 2022

မင်းကင်း-ကနီ နယ်စပ်တိုက်ပွဲတွင် စစ်ကောင်စီတပ်သားနှင့် ပျူစောထီးဆိုသူ ၃၀ ကျော် သေဆုံးကြောင်း ပါဝင်တိုက်ခိုက်ခဲ့သူ ဗိုလ်နာရွှဲဆွမ်၏ သတင်းပို့ချက်အား ကိုးကားကာ SRAF-MWA ပြန်ကြားရေး တာဝန်ခံက ပြောသည်။

စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ် တောင်တွင်းဒေသ အထက်ပိုင်း စစ်လျှင်ချောင်းကျေးရွာမှ စစ်ကောင်စီ တပ်သားနှင့် ပျူစောထီး အင်အား ၁၀၀ ခန့်ကို ကနီနယ်စပ် မိုင်တိုင် ၆၇ မိုင်နှင့် တစ်ဖာလုံးခန့်အကွာ အနောက်ချောင်းကျေးရွာတွင် ယမန်နေ့ ဖေဖော်ဝါရီလ ၂၀ ရက် နံနက်ပိုင်းက တိုက်ခိုက်ကြခြင်း ဖြစ်သည်။

"ပထမဆုံး ပဒေသာမိုင်း လေးလုံး ဆွဲတယ်၊ ပြီးတော့ ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့တွေက ဝိုင်းပြီး ပစ်ကြတာပါ၊ လက်လုပ် လက်နက်ကြီးတွေရော ရှိတဲ့သေနတ်နဲ့ ဝိုင်းတိုက်ကြတာ" ဟု တိုက်ပွဲ အခြေအနေကို Special Reginal Attacks Force-MWA ပြန်ကြားရေး တာဝန်ခံက ပြောပြသည်။

တိုက်ပွဲသည် ညနေ ၅ နာရီခန့်အထိ ဖြစ်ပွားခဲ့ပြီး အပြန်အလှန် ပစ်ခတ်မှုများရှိကာ ပြင်းထန်ခဲ့သည်ဟု ၎င်းကဆိုသည်။

ထိုတိုက်ပွဲတွင် "စစ်ကောင်စီတပ်သားနှင့် ပျူစောထီး ၃၀ ကျော်သေဆုံးကာ ဒဏ်ရာ အပြင်းအထန် အများအပြား ရရှိကြောင်းလည်း သိရသည်" ဟု SRAF-MWA က ထုတ်ပြန်ထားသည်။

“စစ်ကောင်စီဘက်က ကျဆုံးမှုကတော့ ရှေ့တန်းက တိုက်ပွဲဝင်သူ ရဲဘော်ရဲ့ သတင်းပေးပို့ချက်အရ ထုတ်ပြန်ထားတာပါ” ဟု SRAF-MWA ပြန်ကြားရေး တာဝန်ခံကပြောပြီး သီးခြား အတည် မပြုနိုင်သေးပေ။

SRAF-MWA မှ ထုတ်ပြန်သည့် တိုက်ပွဲ ရုပ်သံမှတ်တမ်းတွင် နှစ်ဘက်ပစ်ခတ်မှုနှင့် ဒေသခံ တော်လှန်ရေး တပ်ဖွဲ့များမှ လက်လုပ်လက်နက်ကြီးများ ပစ်ခတ်မှုကို တွေ့မြင်ရသည်။

တိုက်ပွဲအား KPDF-2၊ မင်းကင်းတပ်ရင်း (၂) တပ်ခွဲ (၂)၊ရွှေသမင်မုဆိုး Local TDPDF၊ ရွှေတြိဂံ တပ်ခွဲ "စစ်ကျွန်မခံ မြွေဆိုး တစ်သိုက်"၊ ရွှေတြိဂံအဖွဲ့နှင့် Special Reginal Attacks Force-MWA တို့ ပူးပေါင်း တိုက်ခိုက်ခြင်း ဖြစ်သည်။ ဒေသခံ ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အထိခိုက်မရှိ ဆုတ်ခွာနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ယခုရက်ပိုင်းအတွင်း ကနီနှင့် မင်းကင်းနယ်ဘက်တွင် စစ်ကောင်စီတပ်နှင့် ဒေသခံ တော်လှန်ရေးတပ်ဖွဲ့များ တိုက်ပွဲ ပြင်းထန်လျက်ရှိပြီး ကျေးရွာများရှိ ဒေသခံ နေအိမ်များအား စစ်တပ်က မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်နေသည်။

ကနီမြို့နယ် အိုင်တောင် အနောက်ရွာကို ယမန်နေ့ညတွင် အကြမ်းဖက် စစ်ကောင်စီ တပ်သားများ ဝင်ရောက်၍ လူနေအိမ် ၁၂ လုံး၊ နွားတဲ နှစ်လုံး၊ ဆိတ်တဲ တစ်လုံး၊ စက်တဲ တစ်လုံး တို့ကို မီးရှို့ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့အပြင် မီးလောင်နေသော နေအိမ်တစ်အိမ်တွင် မီးလောင်ထားသည့် ရုပ်အလောင်းကို တွေ့ရှိခဲ့ပြီး မည်သူ ဖြစ်ကြောင်း အတည်မပြုနိုင်သေးပေ။

https://www.mizzimaburmese.com/article/100059

--------------------------------------------------------------------------------

## မင်းကင်းတိုက်ပွဲတွင် စစ်ကောင်စီတပ်က ထိခိုက်ကျဆုံးသူ များပြား

Published By DVB | 21 February, 2022




မုံရွာ-ကလေးဝကားလမ်းအတိုင်း တောင်တွင်းဒေသ အထက်ပိုင်း ဆန်တက်လာတဲ့ စစ်ကောင်စီတပ်အင်အား ၁၀၀ လောက်နဲ့ ကားလမ်းမိုင်တိုင်အမှတ် ၆၈ မိုင်မှာ ဒေသခံ PDF ပူးပေါင်းတပ်တွေ ထိတွေ့ တိုက်ပွဲ ဖြစ်ပွားခဲ့ပါတယ်။

မင်းကင်းမြို့နယ်၊ ကြာပင်ရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ဟာ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ကြာပင်ရွာက စတင်ထွက်ခွာလာပြီး လမ်းတစ်လျှောက် ရွာခြင်းဆက်လမ်းတွေနဲ့ ကားလမ်းမပေါ်အတိုင်း ချီတက်ခဲ့ပြီး လက်ပန်တောရွာ ဘုန်းကြီးကျောင်းတွင်တစ်ည၊ ထုံးကြီးရွာစာသင်ကျောင်းမှာတစ်ည၊ စစ်လျှင်ချောင်းရွာ ဘုန်းတော်ကြီးကျောင်းမှာ တစ်ည ညအိပ်နားခဲ့ကြပြီး ကျေးရွာတွေက ဈေးဆိုင်တွေ၊ နေအိမ်တွေကို သော့ဖျက်ပြီး ပစ္စည်းတွေ၊ ရွှေငွေတွေ ယူဆောင်သွားကြကာ ကြက်တွေကိုလည်း သတ်စားသွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အဲဒီစစ်ကောင်စီတပ်ကို ဖေဖော်ဝါရီ ၂၀ ရက်နေ့ မနက်ပိုင်း မိုင်တိုင်အမှတ် ၆၈ မိုင် အနောက်ဘက်မှာ တောင်တွင်းဒေသခံ PDF နဲ့ လာပို့ (ကနီမြို့နယ်) PDF ပူးပေါင်းတပ်တွေက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁၈ ဦး သေဆုံးခဲ့တယ်လို့ တိုက်ပွဲမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ PDF တပ်ဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။

“ကျနော်တို့က သူတို့တက်လာတာကြားကတည်း သူတို့လာရာလမ်းကြောင်းမှာ အသင့်စောင့်ပြီး မိုင်းဆွဲတိုက်ခိုက်တာ ၁၈ ယောက်လောက်က နေရာမှာပဲ ပွဲချင်းပြီးသေတယ်။ အထိနာသွားတော့

ဆက်မတက်တော့ပဲ နောက်ကြောင်းပြန်အဆုတ်မှာ နောက်က တောက်လျှောက်လိုက်ပြီးတော့ ပူးပေါင်းအဖွဲ့တွေနဲ့ အချိတ်အဆက်မိမိနဲ့ စစ်လျှင်ချောင်းရွာ မရောက်ခင်မှာ နှစ်ဖက်ညှပ်ပြီး ထပ်ပစ်ကြတာ အဲဒီမှာလည်း သူတို့ဘက်က ထပ်ကျတယ်။ ဒဏ်ရာရတဲ့သူတွေလည်း များတယ်။ တစ်ချို့က တောင်ဝှေးနဲ့ တွဲလျှောက်သွားကြရတဲ့သူတွေလည်း မြင်နေရတယ်။"

စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေဟာ မိုင်းခွဲတိုက်ခိုက်ခံရပြီးနောက် ရှေ့ဆက်ချီတက်ခြင်း မပြုတော့ဘဲ လာရာလမ်းအတိုင်း ပြန်လည်ဆုတ်ခွာလာရာ စစ်လျှင်ချောင်းရွာမရောက်ခင် ၄ ဖာလုံခန့်အကွာမှာ မင်းကင်းကနေ စစ်ကူလာတဲ့ PDF တပ်ဖွဲ့ဝင်တွေနဲ့ ထိတွေ့တိုက်ပွဲ ဆက်လက်ဖြစ်ပွားခဲ့တယ်လို့ ဆိုပါတယ်။

စစ်ကောင်စီတပ်ကို တောင်းတွင်းဒေသ PDF၊ မင်းကင်း PDF၊ ဆယ်ရွာ (ကနီမြို့နယ်) PDF တပ်တွေ ပူးပေါင်းပြီး တိုက်ခိုက်ခဲ့ကြတာဖြစ်ပြီး တိုက်ပွဲမှာ PDF ဘက်က ထိခိုက်ကျဆုံးတာမရှိဘဲ ဒေသခံ စစ်လျှင်ချောင်းရွာသားတစ်ဦးကတော့ ဦးခေါင်းနဲ့ ပေါင်မှာ (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့တယ်လို့ သိရပါတယ်။

စစ်ကောင်စီတပ် ချီတက်ရာ လမ်းတစ်လျှောက်က ဒေသခံတွေ ၇၀၀၀ လောက် ဘေးလွတ်ရာ တိမ်းရှောင်နေကြရပြီး တိုက်ပွဲတွေ ထပ်မံဖြစ်ပွားမှာနဲ့ ကျေးရွာတွေ မီးရှို့ခံရမှာကို စိုးရိမ်နေကြပါတယ်။

စစ်ကောင်စီတပ်ဟာ သုံးလတစ်ကြိမ် ကနီမြို့နယ်၊ လာပို့ရွာရှိ  ဆက်သွယ်ရေးအစောင့်တပ်ဆီ ရိက္ခာသွားပို့လေ့ရှိပြီး ဆိုင်တွေက ဆန်၊ ဆီနဲ့ အစားအသောက်တွေ အတင်းယူဆောင်တာတွေ ရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာကလည်း အခုလို တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ကားလမ်းဘေးရှိ ဈေးဆိုင်တွေ၊ လူနေအိမ်တွေ မီးရှို့ခံခဲ့ရတယ်လို့ သိရပါတယ်။

https://burmese.dvb.no/archives/518114

-----------------------------------------------------------------------------------------------

## ကနီမြို့နယ် ကျေးရွာများကို စစ်ကောင်စီတပ်များ ဖျက်ဆီး ၊ ဒေသခံ သောင်းချီ စစ်ဘေးရှောင်နေရ

By မဇ္ဈိမ | 21 February 2022




စစ်ကိုင်းတိုင်း၊ ကနီမြို့နယ် အတွင်းရှိ ကျေးရွာများကို စစ်ကောင်စီတပ်များ ဝင်ရောက်ကာ နေအိမ်များကို ဖျက်ဆီး၍ ဒေသခံများကို ဖမ်းဆီးခြင်းကြောင့် ရွာခံ ၁၀,၀၀၀ ခန့် စစ်ဘေး ရှောင်နေရကြောင်း ဒေသ အခြေစိုက် PDF ထံက သိရသည်။

ကနီမြို့နယ် တောင်ဘက် ၁၃ မိုင်ခန့် အကွာရှိ ဒဟတ်တောရွာ၊ ငါးဖျက်ရွာ၊ မုဋ္ဌောရွာ၊ သမင်ခြံရွာ၊ ချိုင်ရွာ၊ သရက်ပင်ရွာ၊ မင်းအိုရွာနှင့် အိုင်တောင်ရွာများမှ ဒေသခံများ ယနေ့ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၃ နာရီခန့်တွင် စစ်ကောင်စီ နှင့် ပျူစောထီးများ ရန်မှ ထွက်ပြေး တိမ်းရှောင် ခဲ့ရကြောင်း ဒေသခံ သတင်း ရင်းမြစ်က ပြောသည်။

"ဒီကောင်တွေက ယမန်နေ့ ညနေပိုင်းက အိုင်တောင် အနောက်ရွာမှာ ရှိတဲ့ ပြည်သူ ပိုင် နေအိမ်တွေကို မီးရှို့မှုတွေ ပြုလုပ်ပြီး ညပိုင်းရောက်တော့ အိုင်တောင် ကနေ မင်းအိုရွာ၊ မင်းအိုရွာကနေမှ ချိုင်ရွာဗျာ။ ညကြီးမင်းကြီး တစ်ရွာဝင် တစ်ရွာထွက် လုပ်နေကြတာဗျ။ ပြည်သူတွေ အတွက်တော့ ဝဋ်ပါပဲဗျာ။ ချမ်းချမ်း တုန်တုန် ပြေးရ လွှားရနဲ့ ကလေးတွေ ရော အဖိုးကြီးအဖွားကြီးတွေရော လှည်းရှိတဲ့သူက လှည်း။ ကားရှိတဲ့သူက ကားနဲ့ အသီးသီး သယ်ရင်းပိုးရင်း ပြေးကြ လွှားကြ ရတာပါပဲဗျာ ” ဟု ဒေသခံ PDF တစ်ဦးက ဆိုသည်။

ယမန်နေ့ ညနေ ၆ နာရီ ဝန်းကျင် တွင် စစ်ကောင်စီ တပ်များ အိုင်တောင် အနောက်ရွာရှိ ဒေသခံ ပြည်သူများ၏ နေအိမ်များကို မီးရှို့ ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါသည်။ လက်ရှိ ကနီမြို့နယ် တွင် ရွာ ခုနစ်ရွာ နီးပါး စစ်ဘေးရှောင် နေရပြီး လူဦးရေ ၁၀,၀၀၀ ခန့် စစ်ဘေး ရှောင်နေရသည်။

https://www.mizzimaburmese.com/article/100001

------------------------------------------------------------------------------------------------------------

## မြင်းမူ၌ ဒေသကာကွယ်ရေးတပ် စခန်းကို စစ်ကောင်စီ ဝင်စီး၊ ရဲဘော် ၂ ဦးကျဆုံး၊ ၁၀ ဦး ဖမ်းဆီးခံရ

By မဇ္ဈိမ | 21 February 2022

မြင်းမူမြို့နယ် စံတင်ကင်းကျေးရွာ အနီးရှိ ဒေသကာကွယ်ရေးတပ်၏ ဆေးတပ် စခန်းကို ယမန်နေ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက် ၇ နာရီဝန်းကျင်တွင် အကြမ်းဖက် စစ်ကောင်စီတပ်က ဝင်တိုက်ခဲ့ရာ ရဲဘော်နှစ်ဦး ကျဆုံးပြီး ၁၀ ဦး အဖမ်းခံခဲ့ရသည်ဟု မြင်းမူမြို့နယ် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်က ပြောသည်။

စစ်ကောင်စီတပ်က အင်အား ၁၁၀ ဝန်းကျင်ဖြင့် မြင်းမူလင်းယုန်နက် ကာကွယ်ရေး တပ်ဖွဲ့( Black Eagle Defence Force MMU) ၏ ဆေးတပ်စခန်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

“နှစ်ယောက် သေပါတယ်။ ရဲဘော် တစ်ယောက်က နဂိုထဲက ဒဏ်ရာရနေတာ ၊ဆေးတပ်က တစ်ယောက်က သွားကယ်တာ လက်နက်ကြီး ကျပြီး နှစ်ယောက်လုံး ကျဆုံး သွားခဲ့တာပါ။ ရဲမေ ခုနစ်ဦး နဲ့ ရဲဘော် သုံးဦးက ဖမ်းဆီးခြင်း ခံလိုက်ရပါတယ်။ အကုန်လုံး အသက် ၂၀ ကျော် လေးတွေပါ“ မြင်းမူမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ် အဖွဲ့ဝင်က ပြောသည်။

အဆိုပါစခန်း အတိုက်ခံရမှုကို မြင်းမူမြို့နယ် သတင်းမှန်ပြန်ကြားရေးအဖွဲ့ က ၎င်းတို့၏ လူမှုကွန်ရက် စာမျက်နှာတွင်လည်း သတင်းထုတ်ပြန်ထားသည်။

"လူမှုကွန်ရက်မှာ ပျံ့နှံ့နေသလို သေနတ်တွေက အများကြီး မပါသွားပါဘူး။ တစ်ချို့ သေနတ်တွေက စစ်ကောင်စီရဲ့ သေနတ်တွေပါ။ သူတို့ လုပ်ကြံထားတာပါ။ အခု ၁၀ ယောက်ကို ဖမ်းသွားတာ အဲ့ဒီ စံတင်ကင်းကျေးရွာ နားမှာပဲ။ သူတို့ရှိ သေးတယ်၊ ဒီမနက်ကို လက်နက်ကြီး သံတွေ ကြားနေ ရသေးတယ်။ ဆုံးရှုံးမှု နဲ့ ပတ်သက်ပြီးတော့ စာရင်းက သေချာ မသိရသေးပါဘူး “ ဟု ဆက်လက်ပြီး မြင်းမူမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်က ပြောသည်။

ဒေသကာကွယ်ရေးတပ်၏ ဆေးတပ်စခန်းကို စံတင်ကင်းကျေးရွာ နှင့် လေးမိုင်ခန့် ကွာဝေးသည့် ဘိုးမင်းကြီးကင်း ကျေးရွာ နှင့် အလ္လကပ္ပ ကျေးရွာ၌ တပ်စွဲထားသော အကြမ်းဖက် စစ်ကောင်စီတပ် အင်အား အယောက် ၇၀ ခန့်နှင့် အရန်အင်အား ၄၀ တို့က လက်နက်ကြီး ပစ်ကူများဖြင့် စစ်ကြောင်းထိုး တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

https://www.mizzimaburmese.com/article/100016

-----------------------------------------------------------------------------------------------

## ချင်းပြည်အစိုးရပေါ်ပေါက်ရေး ချင်းလူမျိုးအားလုံး စုစည်းညီညွတ်ကြရန် CNF တိုက်တွန်း

Published By DVB | 21 February, 2022

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ ကျရောက်တဲ့ ၇၄ နှစ်မြောက် ချင်းအမျိုးသားနေ့ကို ချင်းအမျိုးသားတပ်ဦး (CNF) ဌာနချုပ်ရှိ ဝိတိုရီယခန်းမမှာ ကျင်းပခဲ့ပါတယ်။

ဒီအခမ်းအနားကို ချင်းအမျိုးသားတပ်ဦး (CNF/CNA) က ခေါင်းဆောင်တွေ၊ CJDC က တာဝန်ရှိသူတွေ၊ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) က ကိုယ်စားလှယ်တွေ၊

ယောဒေသပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (YPDF) က ခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဖိတ်ကြားထားသူတွေ တက်ရောက်ခဲ့ကြပါတယ်။




ဒီအခမ်းအနားမှာ ချင်းအမျိုးသားတပ်ဦး (CNF) ဒုဥက္ကဋ္ဌ ဒေါက်တာရွှေခါးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး လက်ရှိအခြေအနေကို အခွင့်အရေးအဖြစ် အသုံးချကာ ချင်းပြည်အစိုးရပေါ်ပေါက်ဖို့ အရေးကြီးလိုအပ်နေကြောင်းကို တိုက်တွန်းပြောဆိုခဲ့တာပါ။

"ကျနော်တို့ ချင်းဆိုတဲ့ Identity အောက်မှာ ကျနော်တို့အမျိုးသား အကုန်လုံးလက်ခံတဲ့ National Identity အောက်မှာ စည်းလုံးရေးတည်ဆောက်ဖို့က တော်တော်အရေးကြီးပါတယ်။ ဒီနေ့ဒီအချိန်မှာ ဒီလို အစိုးရဖွဲ့စည်းဖို့အတွက် ပြည်သူတွေက တောင်းဆိုနေတယ်။ အချိန်အခါလည်း ပေးနေတယ်။ ဒါကို အခွင့်အကောင်းမယူဘဲ လက်ပိုက်ကြည့်နေမယ်ဆိုရင် သမိုင်းမှာ မဟာအခွင့်အရေးဆုံးရှုံးသွားပြီးတော့ နောင်လာနောက်သားတွေ ကျနော်တို့ကို အပြစ်တင်လာစရာတွေဖြစ်ပါတယ်။ အဲဒါကြောင့် အချုပ်အနေနဲ့ Nation Building ကို တည်ဆောက်မယ့် ချင်းလန်းအစိုးရ ပေါ်ပေါက်လာပါစေလို့ ဆန္ဒပြုပါတယ်။"

ချင်းအမျိုးသားနေ့ကို အစိုးရအဆက်ဆက်က ပိတ်ပင်ထားခဲ့ပြီး ၂၀၁၀ နောက်ပိုင်းမှ တရားဝင်ကျင်းပခွင့် ပြန်လည်ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်။

ချင်းအမျိုးသားတပ်ဦး (CNF) ဌာနချုပ်ရှိ ဗိတိုရိယခန်းမမှာ ကျင်းပတဲ့ ၇၄ နှစ်မြောက် ချင်းအမျိုးသားနေ့မှာတော့ အဖွဲ့အစည်းအသီးသီးက ပေးပို့တဲ့ သဝဏ်လွှာတွေကိုလည်း ဖတ်ကြားခဲ့ပြီး အားကစားပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေလည်း ပြုလုပ်ခဲ့ပါတယ်။

https://burmese.dvb.no/archives/518115

----------------------------------------------------------------------------------------------------------

## လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားရင်း စစ်ရှောင်များကို ကူညီပေးနေသည့် SGDF အကူအညီလိုအပ်နေ

By SHAN - February 21, 2022



သျှမ်းပြည် – ကရင်နီ (ကယားပြည်) နယ်စပ်တွင် လက်နက်ကိုင်တော်လှန်ရေးလှုပ်ရှားမှုတစ်ဖက်နှင့် စစ်ရှောင်များကို ကူညီပေးနေသည့် Shan Generation Defence Force မှ ရိက္ခာနှင့် ဆေးဝါးအကူအညီများ လိုအပ်နေကြောင်း သတင်းသိရသည်။

လက်ရှိတွင် Shan Generation Defence Force နှင့် ပူးပေါင်းအဖွဲ့များ လှုပ်ရှားသည့် ဒေသတွင်းသို့ ရောက်ရှိလာသည့် စစ်ဘေးရှောင် ၅၀၀ အထက်ရှိနေကြောင်း Shan Generation Defence Force (SGDF ) ခေါင်းဆောင် ရွှေခေါင်းလောင်း က သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ကျနော်တို့ ကူညီပေးနေတဲ့ စစ်ရှောင်တွေထဲမှာ သက်ကြီးရွယ်အိုတွေလည်းပါနေတယ်၊ ပြီးတော့ မွေးကင်းစ ကလေးနဲ့ မိခင်တွေလည်း ရှိနေတယ်၊ တချို့က နေမကောင်းတာလည်းရှိနေတော့ ဆေးနေ့တိုင်း ချိတ်ပေးရတဲ့သူလည်း ရှိတယ်၊ စုစုပေါင်း စစ်ရှောင်ဦးရေက ၅၀၀ ကျော်ရှိနေပါတယ်၊ ဒါပေမဲ့ ကျနော်တို့ဆီမှာ ဆန်က ၇ အိတ်ပဲ ရှိတော့တယ်" ဟု ရွှေခေါင်းလောင်းက ပြောသည်။

ယခုရက်ပိုင်းအတွင်း မိုးဗြဲနှင့် လွိုင်ကော်မြို့အတွင်းသို့ စစ်ကောင်စီဘက်မှ အကြမ်းဖက် ထိုးစစ်ဆင်နေ လျက်ရှိရာ စစ်ဘေးတိမ်းရှောင်သည့် ပြည်သူများလည်း နေ့စဉ်ရက်ဆက်ရှိနေပြီး ဒေသခံပြည်သူ့ကာကွယ်ရေး

တပ်ဖွဲ့များအနေဖြင့်လည်း တန်ပြန်တိုက်ခိုက်မှုအပြင် စစ်ရှောင်ပြည်သူများ၏ လုံခြုံရေးကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

"ကျနော်တို့ကို စကစတွေက နေ့တိုင်း ထိုးစစ်ဆင်နေပါတယ်၊ ဒီရက်ပိုင်း မိုးဗြဲဖက်မှာ လေယာဉ်နဲ့ရော လက်နက်ကြီး လက်နက်ငယ်တွေနဲ့လည်း ချနေကြလို့ ကျနော်တို့က အားမတန်မာန်လျှော့လိုက်ရတာမျိုးရှိတယ်၊ နောက်ပြီး စစ်ရှောင်နဲ့ ပြည်သူတွေကိုလည်း လုံခြုံရေး ယူပေးဖို့လည်း ကျနော်တို့ လုပ်ဆောင်နေပါတယ်၊ ကျနော်တို့အတွက် လက်နက်အင်အားရော စစ်ရှောင်ပြည်သူတွေအတွက် စားနပ်ရိက္ခာနဲ့ ဆေးဝါးရော လိုအပ်နေပါတယ်" ဟု Shan Generation Defence Force မှ အဖွဲ့ခေါင်းဆောင်က သျှမ်းသံတော်ဆင့်ကို ပြောသည်။

စစ်ရှောင်များနှင့် Shan Generation Defence Force အဖွဲ့ဝင်များအနေဖြင့် လက်ရှိ နေ့စဉ်စားသောက်နေထိုင်မှုကို ချွေတာသုံးစွဲမှုများဖြင့် ခွဲဝေစားသောက်နေရကြောင်းနှင့် ရေရှည်အတွက် စိုးရိမ်ရကြောင်း တခြားအဖွဲ့ဝင်တစ်ဦးကလည်း သျှမ်းသံတော်ဆင့်ကို ပြောသည်။

ကရင်နီပြည်နှင့် မိုးဗြဲဘက်မှ ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများနှင့် Shan Generation Defence Force တပ်ဖွဲ့တို့ကို ကူညီထောက်ပံ့ပေးလိုပါက Shan Generation Defence Force Facebook စာမျက်နှာသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

https://burmese.shannews.org/archives/27050

---------------------------------------------------------------------------------------------------

## သျှမ်း – ကရင်နီနယ်စပ် တိုက်ပွဲ စစ်ကောင်စီဘက်မှ အကျအဆုံးများ၊ တိုက်ပွဲပြင်းထန်နေဆဲ

By SHAN - February 21, 2022




သျှမ်းပြည်တောင်ပိုင်း-ကရင်နီ(ကယား) နယ်စပ် တိုက်ပွဲတွင် စစ်ကောင်စီဘက်မှ အကျအဆုံးများပြီး ယနေ့ထိ တိုက်ပွဲ ပြင်းထန်နေကြောင်း သတင်းသိရသည်။

သျှမ်း – ကယားနယ်စပ်၊ ဒီးမော့ဆိုမြို့နယ်၊ ဝီသဲကူး (မြောက်ရွာ) ကျေးရွာအနီး ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် စစ်ကောင်စီဘက်မှ အရာရှိနှင့် တပ်သားအပါအဝင် ၃၀ ဝန်းကျင် သေဆုံးခဲ့ပြီး အမြောက်အမြား ဒဏ်ရာရရှိကြောင်း ဒီးမော့ဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်မှ ထုတ်ပြန်ထားသည်။

"မနေ့က (ဖေဖော်ဝါရီလ ၂၀) မနက် ၁၁ နာရီတွင် တိုက်ပွဲတွေပြင်းထန်ခဲ့တယ်၊ အဲ့အချိန်မှာ သူတို့ဘက်က အကျအရှုံးများခဲ့တယ်၊ နောက် ညနေ ၄ နာရီလောက်မှာတော့ စကစတွေက တိုက်လေယာဉ် ၂ စင်းနဲ့ ဗုံးကြဲပြီး စစ်ကူတိုက်တယ်၊ တချို့က လေထီးနဲ့ပါ ခုန်ဆင်းလာတာ" ဟု ရှေ့တန်းမှ ပြည်သူ့ကာကွယ်ရေးတပ်သား တစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ထို့အပြင် ယမန်နေ့ ညသန်းခေါင်အချိန်တွင် စစ်ဖြစ်ပွားရာ မိုးဗြဲနှင့် ဒီးမော့ဆိုဘက်ကို စစ်ကောင်စီဘက်က လေယာဉ်များဖြင့် ထပ်မံလာရောက် ဗုံးကြဲခဲ့ကြောင်း သိရသည်။

လက်ရှိ ဖြစ်ပွားနေသည့် မိုးဗြဲနှင့် ဒီးမော့ဆိုတိုက်ပွဲတို့တွင် ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို(DMO-Local PDF)၊ အလယ်ပိုင်းတိုင်း၊ လွိုင်ကော် PDF၊ KNDF နဲ့ တခြား မဟာမိတ်တပ်ပေါင်းစုများ ပူးပေါင်းပြီး စစ်ကောင်စီကို ခုခံ တိုက်ခိုက်နေကြောင်းလည်း သိရသည်။

"ဒီတိုက်ပွဲက တော်တော်ပြင်းထန်နေတယ်လို့ ပြောရမယ်၊ ကျနော်တို့ဘက်က တော်လှန်ရေးရဲဘော်တွေလည်း ထိခိုက် ဒဏ်ရာရ ကျဆုံးတာမျိုးတွေရှိတယ်၊ ဒီနေ့အထိ တိုက်ပွဲက ပြင်းထန်နေတုန်းပဲ၊ လက်နက်အင်အားချင်း မမျှတော့ တိုက်ခိုက်ရတာတော့ အားမရဘူးပေါ့၊ လက်နက်ရအောင် ပြည်သူများ ကူညီထောက်ပံ့ပေးကြပါလို့ ပြောချင်တယ်" ဟုလည်း PDF တပ်သားတစ်ဦးကလည်း ပြောပြသည်။

ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ကာ ကရင်နီပူးပေါင်းတပ်ဘက်မှ ၂၀ ကျော်သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရရှိခဲ့ကြောင်းနှင့် အထိနာသည့် စစ်ကောင်စီတပ်သားများက မိုးဗြဲမြို့နယ် ဝါရီဆူးပလိုင်ရွာ၊ ဝီတဲကူးရွာတွေကို မီးရှို့ဖျက်ဆီးခဲ့သလို လမ်းတလျှောက်လည်း မိုင်းထောင်ခြင်း၊ လက်နက်ကြီးများနဲ့ ရမ်းသမ်းပစ်ခတ်ခြင်းများ ပြုလုပ်နေကြောင်းလည်း သိရသည်။

လက်ရှိတွင် ဒေသခံပြည်သူများ ၁ သောင်းနီးပါးကလည်း စစ်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး အရေးပေါ် ကူညီကယ်ဆယ်မှုများ လိုအပ်နေကြောင်းလည်း ကူညီ ကယ်ဆယ်ရေး အဖွဲ့ဝင်များက ပြောသည်။

https://burmese.shannews.org/archives/27053

----------------------------------------------------------------------------------------------------

## မိုးဗြဲတွင် တိုက်ပွဲပြင်းထန် ဆက်လက်ဖြစ်ပွား၊ စစ်ကောင်စီတပ်သား ၃၀ ခန့်သေ

Published By DVB | 21 February, 2022



ရှမ်း-ကယားနယ်စပ်၊ ဒီးမော့ဆိုမြို့နယ်၊ ဝီသဲကူး (မြောက်ရွာ)မှာ ဖေဖော်ဝါရီ ၂၀ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲကြောင့် အကြမ်းဖက်စစ်ကောင်စီတပ်သား ၃၀ ဝန်းကျင် သေဆုံးခဲ့ပြီး အမြောက်အမြား ဒဏ်ရာရရှိကြောင်း  ဒီးမော့ဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်က သတင်းထုတ်ပြန်ပါတယ်။

မနေ့မနက် ၁၁ နာရီမှစတင်က တိုက်ပွဲတွေ အပြင်းအထန် ဖြစ်ပွားခဲ့ပြီး ညနေ ၄ နာရီလောက်မှာတော့ စစ်ကောင်စီဘက်က တိုက်လေ လေယာဉ် ၂ စင်းနဲ့  လာရောက်ပုံးကြဲ တိုက်ခိုက်ခဲ့ကြောင်းဖော်ပြပါတယ်။

ဒ့ါအပြင် မနေ့ည သန်းခေါင်အချိန်မှာ စစ်ဖြစ်ပွားရာ မိုးဗြဲနဲ့ ဒီးမော့ဆိုဘက်ကို စစ်ကော်စီဘက်က လေယာဉ်တွေနဲ့ ထပ်မံလာရာက် ပုံးကြဲမှုတွေ ရှိခဲ့တယ်လို့ဆိုပါတယ်။

အဆိုပါတိုက်ပွဲမှာ ပြည်သူ့ကာကွယ်ရေးတပ်-ဒီးမော့ဆို(DMO-Local PDF)၊ အလယ်ပိုင်းတိုင်း၊ လွိုင်ကော် PDF၊ KNDF နဲ့တခြား မဟာမိတ်တပ်ပေါင်းစုတွေ ပူးပေါင်းပြီး စစ်ကောင်စီကို ခုခံတိုက်ခိုက်ခဲ့တာလို့ ဆိုပါတယ်။

ရှမ်း-ကယားနယ်စပ် မိုးဗြဲမှာ ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး စစ်ကောင်စီနဲ့ ကရင်နီပူးပေါင်းတပ်တွေအကြား တိုက်ပွဲတွေ ပြင်ပြင်းထန်ထန်ဖြစ်ပွားနေပြီး စစ်ကောင်စီဘက်က လက်နက်ကြီးငယ်တွေအပြင် ရဟတ်ယာဉ်၊ တိုက်လေယာဉ်တွေနဲ့ပါ ပစ်ခတ် တိုက်ခိုက်ခဲ့ပါတယ်။

ဒီလိုတိုက်ခိုက်မှုကြောင့် ဖေဖော်ဝါရီ ၁၇ ရက်နေ့က ကရင်နီပူးပေါင်းတပ်ဘက်က ၂၀ ကျော်သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရရှိခဲ့ပါတယ်။

ဒ့ါအပြင် စစ်ကောင်စီတပ်တွေဟာ မိုးဗြဲမြို့နယ် ဝါရီဆူးပလိုင်ရွာ၊ ဝီတဲကူးရွာတွေကို ဝင်ရောက် မီးရှို့ဖျက်ဆီးခဲ့သလို လမ်းတလျှောက်လည်း မိုင်းထောင်တာ၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်နေတယ်လို့လည်း လွိုင်ကော် PDF က ထုတ်ပြန်ပါတယ်။

တိုက်ပွဲကြောင့် သောင်းနဲ့ ချီတဲ့ ဒေသခံတွေလည်း စစ်ဘေးလွတ်ရာကို ထွက်ပြေးတိမ်းရှောင်နေရပြီး အရေးပေါ် ကူညီကယ်ဆယ်မှုတွေ လိုအပ်နေပါတယ်။ ဒီတိုက်ပွဲကြောင့် အရပ်သားပြည်သူ တဦး သေဆုံးကာ ၇ ဦး ဒဏ်ရာရရှိခဲ့ကြောင့် ကူညီကယ်ဆယ်ရေးအဖွဲ့တွေက ပြောပါတယ်။

https://burmese.dvb.no/archives/518240

----------------------------------------------------------------------------------------------------

## မိုးရွာသွန်းမှုကြောင့် လေးကေ့ကော် စစ်ရှောင်များ အခက်ကြုံ

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။



ထိုင်း-မြန်မာနယ်စပ်သောင်းရင်းမြစ် တစ်လျှောက်တွင် စစ်ဘေးရှောင်နေကြရသည့် လေးကေ့ကော်ဒေသမှ စစ်ဘေးရှောင်များမှာ အချိန်အခါမဟုတ် မိုးရွာသွန်းလာသည့်အတွက် နေထိုင်ရေးအတွက် ခက်ခဲမှုများရှိနေသည့် အပြင် အကူအညီများလည်း အရေးအပေါ် လိုအပ်နေသည်ဟု စစ်ဘေးရှောင်များကို ကူညီပေးနေသူများက ပြောသည်။

သုံးရက်ဆက်တိုက် မိုးများအဆက်မပြတ် ရွာသွန်းလာသည့်အတွက် စစ်ဘေးရှောင်များမှာ နေထိုင်စား သောက်ရေးအပြင် အဖက်ဖက်မှ အခက်ခဲများကို ကြုံတွေ့နေရ သည် ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ပြောရေး ဆိုခွင့်ရှိသူ စောနန္ဒဆူးက ပြောသည်။

စောနန္ဒဆူးက “ဒီ ၁၇၊ ၁၈ ၊ ၁၉ အဲဒီကတည်းက မိုးကလည်း ဆက်တိုက် ရွာတဲ့ အခါကျတော့ အမိုးအကာမလုံလောက်မှုအပေါ်မှာတော့ နေရေးထိုင်ရေး အခက်အခဲတော့ တော်တော်များများကြုံတွေ့နေရတယ် အထူးသဖြင့် ဒီကိုယ်ဝန်သည်တွေ မွေးကင်းစကလေးတွေပေ့ါ ပြီးလို့ရှိရင် သက်ကြီးရွယ်အိုတွေ ပိုပြီးတော့မှ ခက်ခဲစေတယ်ပေ့ါ။ နောက်တစ်ချက်ကကျတော့ လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးတဲ့ အချိန်ကျတော့ စားနပ်ရိက္ခာတွေ ဆေးဝါးထောက်ပံ့မှုတွေ ဒါဟာ အခု လက်ရှိမှာတော့ လိုအပ်လျက်ရှိတာပေ့ါ” ဟု ပြောသည်။

ကရင်အမျိုးသား အစည်းအရုံး KNU ဗဟိုနိုင်ငံခြားရေးဌာန တာဝန်ခံ ပဒိုစောတောနီးကလည်း ”ပြဿနာဖြစ်တာ ကတော့ ဘာဖြစ်လဲဆိုတော့ အခုက မိုးတအားရွာတော့ အဲဒါတော့ အခက်အခဲ အများကြီး ရှိတာပေ့ါ ဒါကျတော့ မိုးရွာကျလိုက်တာ အဲဒါတော်တော်ဆိုးတယ် တစ်ရက်နှစ်ရက်ရှိနေပြီ” ဟု ပြောသည်။

ယခုကဲ့သို့ မိုးများ အဆက်မပြတ် ဆက်လက်ရွာသွန်းမည်ဆိုပါက စစ်ဘေးရှောင်များမှာ ပိုမိုခက်ခဲလာနိုင်သည့်အတွက် အကူအညီများလည်း လိုအပ်နေသည်ဟု စောနန္ဒဆူးက ပြောသည်။

၎င်းက “တကယ်လို့သာ ရာသီဥတု ဖောက်ပြန်မှု ဆက်ဖြစ်နေမယ် မိုးရွာသွန်းနေမယ်ဆိုလို့ရှိရင်တော့ ဒီထက်ပိုမိုလုံခြုံကောင်းမွန်တဲ့ နေရာထိုင်ခင်းကတော့ လိုအပ်တယ် အမိုးအကာပေ့ါနော လုံလုံလောက်လောက်လိုအပ်တယ်။ ဘာဖြစ်လဲဆိုလို့ရှိရင်တော့ မိုးက နည်းနည်းရွာသွန်းတာနဲ့ ရေကလည်း တက်တယ်ပေ့ါနော။ ဆိုတဲ့အခါကျ တော့ ပိုပြီးတော့မှ ဒုက္ခရောက်နေကြတယ်။ အဲဒီအပေါ်မှာတော့ စစ်ဘေးရှောင်တွေ အားလုံးအတွက် လုံလောက်တဲ့ အမိုးအကာ နေရာထိုင်ခင်းတွေ လိုအပ်တယ်။ ပြီးလို့ရှိရင်တော့ အခြေခံ စားနပ်ရိက္ခာပေ့ါ အလုံအလောက်ရရှိဖို့ လိုအပ်သလိုမျိုး ဒီလိုမျိုး မိုးရွာသွန်းမှုအပေါ်မှာ မိုးဒဏ်လေဒဏ် ခံနေရတဲ့အပေါ်မှာ ဖျားနာမှုတွေ ဖြစ်သွားခဲ့သည်ရှိသော် ဒါဆေးဝါးထောက်ပံ့မှုလည်း အလုံအလောက် ရရှိမှုလည်း လိုအပ်နေတာပေ့ါ” ဟု ပြောသည်။

တစ်ဖက်တွင်လည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်း လေးကေ့ကော်ဒေသ အနီးတဝိုက်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေပြီး ဖလူးကြီး၊ ဖလူးလေး၊ ထီးမဲ့ဝါးခီး၊ ရသေ့ဂူ စသည့် ကျေးရွာများမှ ဒေသခံများမှာလည်း ထိုင်း-မြန်မာနယ်စပ် သောင်းရင်းမြစ် တစ်လျှောက်သို့ ထပ်မံ စစ်ဘေးရှောင်လာကြရသည် ဟု ဆိုသည်။

ပဒိုစောတောနီးက “အဲဒီမှာ စခန်းတစ်ခုကျသွားတာတော့ သိမှာပေ့ါ အဲဒီစခန်းကို ပြန်သိမ်းတာပဲ ရှိတယ်လေ။ ကျနော်တို့ တပ်တွေက ပြန်သိမ်းတယ်။ ပြန်သိမ်းတော့ တိုက်ပွဲဖြစ်တော့လည်း အဲဒီအနီးအနားမှာ ရှိတဲ့ IDPs တွေကလည်း ပြေးလွှားရတဲ့ အနေအထားတော့ ရှိတာပေ့ါလေ။ ဖလူးလေးတို့ ဘာတို့ပေ့ါ အဲဒီမှာ အနီးအနား

တပိုက်မှာ သူတို့ Camp တွေကလည်း ချထားတာရှိတယ်လေ။ ဆိုလိုတာက ဆိုဒ်လို့ခေါ်တာ အနည်းဆုံး ဆိုဒ်က ၅ ခု ထားတယ်လေ။ တစ်ကနေ ငါးအထိ အဲလိုရှိတဲ့အခါကျတော့ အဲဒီတပိုက်ပဲနေတာများတယ်” ဟု ပြောသည်။

တိုက်ပွဲများအပြင် ယခုကဲ့သို့ ရာသီဥတု ဖောက်ပြန်မှုများ ဆက်လက် ဖြစ်ပွားနေမည်ဆိုပါက စစ်ဘေးရှောင်များ အတွက် နေထိုင်စားသောက်ရေးကအစ အဖက်ဖက်တွင် ယခုထက် အခက်အခဲကြုံတွေ့လာနိုင်သည်ဟု ဆို သည်။

ထို့ကြောင့် အကူအညီပေးနေသူများနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များက နယ်စပ်ဖြတ်ကျော် အကူအ ညီများကို ဆက်လက် ကူညီထောက်ပံ့ပေးရန်နှင့် ထိုင်းနိုင်ငံကလည်း နိုင်ငံတကာ အဖွဲ့အစည်းများကို မြန်မာနိုင်ငံ အတွင်းရှိ စစ်ဘေးရှောင်များအား သွားရောက်ကူညီခွင့်ပြုရန် အကူအညီပေးသူများက တောင်းဆိုထားကြသည်။

https://www.nmg-news.net/2022/02/20/17860

----------------------------------------------------------------------------------------------------------

## အာဆီယံကိုယ်စားလှယ် NUG နဲ့ တွေ့ဆုံရေး စစ်ကောင်စီ ကန့်ကွက်

2022.02.20



အာဆီယံရဲ့ အထူးကိုယ်စားလှယ် ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn ကို ၂၀၂၂ ဇန်နဝါရီ ၈ ရက်နေ့က တွေ့ရစဉ် Photo: AFP

အမျိုးသားညီညွတ်ရေးအစိုးရ NUG က ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံဖို့ အာဆီယံအသင်းရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့ရဲ့ အကြံပြုချက် ဟာ အာဆီယံမူကို ဆန့်ကျင်နေတယ်လို့ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့မှာ သတင်းထုတ်ပြန်ပါတယ်။

CRPH နဲ့ NUG ဟာ အကြမ်းဖက်အုပ်စုတွေလို့ စစ်ကောင်စီက ကြေညာထားတာကြောင့် ဒီအဖွဲ့တွေနဲ့ ထိတွေ့ဆက်ဆံတာဟာ အာဆီယံမူတွေနဲ့ ဆန့်ကျင်နေပြီး အာဆီယံရဲ့ အကြမ်းဖက်တိုက်ဖျက်ရေး လုပ်ငန်းတွေကိုလည်း ထိခိုက်စေလိမ့်မယ်လို့ ဆိုပါတယ်။

အာဏာသိမ်းစစ်ကောင်စီကိုလည်း NUG အစိုးရက အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထား တာပါ။ အခုလာမယ့် မတ်လထဲမှာ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn ဟာ အာဆီယံရဲ့ အထူးကိုယ်စားလှယ်အဖြစ်နဲ့ မြန်မာနိုင်ငံကိုသွားဖို့ စီစဉ်ထားပြီး စစ်အုပ်စု ရဲ့ အရာရှိတွေနဲ့ တွေ့ဖို့ရှိတဲ့အကြောင်း ကြာသပတေးနေ့တုန်းက အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးမှာ ပြောခဲ့တယ်လို့ AFP သတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံ အထူးကိုယ်စားလှယ်အနေနဲ့ NUG ကိုယ်စားလှယ်တွေနဲ့လည်း တွေ့သင့်တယ်လို့ မလေးရှားနိုင်ငံက တိုက်တွန်းထားပါတယ်။ အာဆီယံအသင်းက မြန်မာစစ်ကောင်စီကိုပဲ ဆက်ဆံနေတာဟာ စစ်ကောင်စီကို တရားဝင်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုရာရောက် တာကြောင့် ဒီလိုမလုပ်ဖို့ လူ့အခွင့်အရေးအဖွဲ့တွေနဲ့ NUG အစိုးရက ဝေဖန်ထောက်ပြနေ ကြပါတယ်။ အာဆီယံရဲ့ မြန်မာ့အရေး

ဘုံသဘောတူညီချက် ၅ ခုကို စစ်ကောင်စီက တက် တက်ကြွကြွ အကောင်အထည်မဖော်တာကြောင့် အာဆီယံအသင်းကလည်း စိတ်ပျက်နေ ပါတယ်။

https://www.rfa.org/burmese/news/military-council-protests-meeting-with-asean-envoy-nug-02202022202611.html

------------------------------------------------------------------------------------------

## တပ်ထိပ်ပိုင်း အပြောင်းအရွှေ့တွေ ဘယ်လိုဖြစ်လာဖို့ရှိလဲ

၂၀ ဖေဖော်ဝါရီ ၂၀၂၂



ဓာတ်ပုံ ပုံစာ,ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်မယ်လို့ ရေပန်းစားခဲ့ဖူးတဲ့ လက်ရှိစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်းကို အရန်အင်အားပို့လိုက်ပြီလို့ စစ်ရေးအကဲခတ်တွေကြားမှာ သတင်းထွက်ပေါ်လာပါတယ်။**

ပြီးခဲ့တဲ့ ရက်ပိုင်းက ပြည်ထဲရေးဒုဝန်ကြီးနဲ့ ရဲချုပ်လည်းဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်ကို အမှတ် (၆) စစ်ဆင်ရေး အထူးအဖွဲ့မှူး တာဝန်ကနေ ဖယ်ရှားလိုက်ပြီ ဆိုတဲ့သတင်းအပြီးမှာ စစ်ရေးချုပ် အပြောင်းအလဲ သတင်းပါ ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

ဒါဟာ တပ်ထိပ်ပိုင်းမှာ အကွဲအပြဲဖြစ်နေပြီဆိုတဲ့ လမ်းကြောင်းကိုဖော်ဖို့ ဒီလိုသတင်းတွေလွှင့်နေကြတာလို့ စစ်ကောင်စီဘက်ကတော့ ပြောပါတယ်။

"စစ်ရေးချုပ်ကြီးလည်း ရှိတယ်။ ဗိုလ်ချုပ်ကြီးသန်းလှိုင်ကို ကစထမှူးကနေ ဖယ်တာလည်း မဟုတ်ပါဘူး။ ကစထ(၆)က အရင်ကတည်းက ဗိုလ်ချုပ်ကြီး သန်းထွန်းဦးပါ" လို့ စစ်ကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

### စစ်ရေးချုပ် အပြောင်းအလဲဖြစ်လာဖို့ရှိ

စစ်ရေးချုပ်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းဟာ လာမယ့် မေလ မှာ ဒုတိယဗိုလ်ချုပ်ကြီး တာဝန်ထမ်းဆောင်တာ ၅ နှစ် ပြည့်ပြီမို့ လပိုင်းအတွင်းမှာပဲ အငြိမ်းစားယူရဖို့ ရှိနေပါတယ်။

အာဏာသိမ်းပြီးတဲ့နောက် ပြင်ဆင်လိုက်တဲ့ ကာကွယ်ရေးဌာနကောင်စီ ညွှန်ကြားလွှာအမှတ် ၁/၂၀၂၁ အရ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဟာ ၅ နှစ် ပြည့်လို့ ရာထူးဆက်မတက်ရင် အငြိမ်းစားယူရမှာ ဖြစ်ပါတယ်။

အဲဒီ ကကနကောင်စီ ညွှန်ကြားလွှာအမှတ် ၁/၂၀၂၁ ကို လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သူက စစ်ရေးချုပ်ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း ကိုယ်တိုင်ဖြစ်ပါတယ်။

စစ်တက္ကသိုလ်အပတ်စဥ် (၂၈) ဆင်း ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်းဟာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးကနေ ကာကွယ်ရေးဝန်ကြီးဌာန အမှတ် (၅) စစ်ဆင်ရေးအထူးအဖွဲ့မှူးအဖြစ် ၂၀၁၇ ခုနှစ်က တိုးမြှင့်ခန့်ထားခံခဲ့ရတာပါ။

ရာထူးတိုးစဥ်က အသက်အငယ်ဆုံး ဒုတိယဗိုလ်ချုပ်ကြီးဖြစ်လို့ အနာဂတ်တပ်ခေါင်းဆောင်ဖြစ်လာဖို့ ရေပန်းစားခဲ့ပေမဲ့ အခုတော့ အရန်အင်အားရောက်ဖို့ ဖြစ်လာတာပါ။

"အဲဒီလို အငြိမ်းစားပေးခါနီးဆို သတိပေးတယ်လေ။ အဲ့ဒါအပေါ်မူတည်ပြီး ဒီသတင်းထွက်လာတာဖြစ်မယ်" လို့ အငြိမ်းစား တပ်မတော် အရာရှိကြီးတစ်ဦးက ပြောပါတယ်။

စစ်ရေးချုပ် ရာထူးဟာ တပ်မတော်က ရာထူး၊ အပြောင်းအရွှေ့တွေကို အဓိကကိုင်တွယ်ရတဲ့ အရေးပါတဲ့ရာထူးတစ်ခုဖြစ်ပါတယ်။ အရင်က စစ်ရေးချုပ်ဟာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကိုပါ ပူးတွဲကိုင်တွယ်ရတာဖြစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း တာဝန်ယူတဲ့အခါမှသာ စစ်ရေးချုပ်တာဝန်တစ်ခုကိုပဲ သီးသန့်ကိုင်တွယ် ရတော့တာ ဖြစ်ပါတယ်။

ညွှန်ကြားလွှာအမှတ်(၁/၂၀၂၁) အရ တပ်ချုပ်နဲ့ ဒုတပ်ချုပ်ရာထူး ၂ ခုပဲ နှစ်အကန့်အသတ်မရှိ အာဏာရယူထားနိုင်ပြီး ကျန်တဲ့ ဗိုလ်ချုပ်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးတွေက သတ်မှတ်ကာလကျော်လွန်ရင် အငြိမ်းစားပေးခံရမှာ ဖြစ်ပါတယ်။

မကြာသေးခင်က အနားယူသွားရတဲ့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်လည်း ဒီညွှန်ကြားလွှာအရ ဗိုလ်ချုပ်ကြီးရာထူးနဲ့ လေးနှစ်ပြည့်လို့ အနားပေးခံရတယ်လို့ နားလည်ရပါတယ်။ သူ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အဖြစ် ဆက်ထားပါတယ်လို့ တပ်မတော်သတင်းမှန်ထုတ်ပြန်ရေး ပြောခွင့်ရက ဆိုခဲ့ပေမဲ့ နောက်ပိုင်းကျင်းပတဲ့ နစကကောင်စီအစည်းအဝေးတွေမှာ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် တက်ရောက်တာ မတွေ့ရတော့ပါဘူး။

ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နေရာကို စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းအောင်က ဆက်ခံပါတယ်။

လစ်လပ်သွားတဲ့ စစ်ဦးစီးအရာရှိချုပ်(လေ)နေရာကို တောင်ငူလေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး လုပ်ခဲ့တဲ့ ဗိုလ်ချုပ်ဇော်ဝင်းမြင့်ကို ခန့်လိုက်တယ်လို့ သိရပါတယ်။



စစ်ကိုင်းနဲ့မကွေးက PDF တွေကို မထိန်းနိုင်လို့ ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်ကို အမှတ် (၆) စစ်ဆင်ရေးအထူးအဖွဲ့မှူး တာဝန်ကနေ ဖယ်ရှားလိုက်ပြီဆိုတဲ့ သတင်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာပါတယ်။

စစ်ကိုင်းတိုင်းကို တာဝန်ယူရတဲ့ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်ကိုလည်း ပြီးခဲ့တဲ့လက မှ ဖယ်ရှားခဲ့ပြီး နယ်စပ်ရေးရာဒုဝန်ကြီး အဖြစ် ပြောင်းရွှေ့ခဲ့ပါတယ်။

ဒါပေမဲ့ ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်ဟာ ပြည်ထဲရေးဒုဝန်ကြီးနဲ့ ရဲချုပ်တာဝန်ကိုပဲ ယူထားပြီး အမှတ်(၆)စစ်ဆင်ရေးအထူးအဖွဲ့မှူးတာဝန်ကို မယူခဲ့ဖူးဘူးလို့ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောပါတယ်။

"သူက တိုင်းမှူးကနေ ပြည်ထဲရေး ဒုဝန်ကြီးနဲ့ ရဲချုပ်တာဝန်ကိုပဲ တိုက်ရိုက်ပြောင်းတာ" လို့ ဗိုလ်ချုပ်ဇော်မင်းထွန်းကပြောပါတယ်။

ဒါပေမဲ့ စစ်ကိုင်းတိုင်းကိုတော့ ရဲလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ပူးတွဲကိုင်ရတာရှိခဲ့တယ်လို့ သူက ပြောပါတယ်။

**အရန်အင်အားရောက်ပြီးမှ တာဝန်ပြန်ပေးခံရသူတွေ**

လက်ရှိ အမှတ်(၆)စစ်ဆင်ရေးအထူးအဖွဲ့မှူးက ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး ဖြစ်ပါတယ်။

သူဟာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ အထူးယုံကြည်စိတ်ချခံရသူတစ်ဦးဖြစ်ပြီး အမှတ် (၂) စစ်ဆင်ရေးအထူးအဖွဲ့မှူးတာဝန်လည်း ထမ်းဆောင်ခဲ့ဖူးပါတယ်။ ၂၀၂၀ နှစ်ကုန်ပိုင်းမှာ အရန်အင်အားအပို့ခံရပြီးမှ အမှတ် (၆) စစ်ဆင်ရေးအထူးအဖွဲ့မှူး ပြန်ဖြစ်လာတာလည်း ဖြစ်ပါတယ်။

ဒါပေမဲ့ ဘယ်အချိန်မှာ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးကို အမှတ်(၆)စစ်ဆင်ရေးအထူးအဖွဲ့မှူးတာဝန်ကို ပေးလိုက်တယ်ဆိုတာကတော့ မသိရပါဘူး။ တပ်မတော်အတွင်း ရာထူးပြောင်းရွှေ့ ခန့်အပ်မှုတွေကို အပြင်ကို

ထုတ်ပြန်လေ့မရှိတာကြောင့် စစ်ရေးအကဲခတ်တွေ လေ့လာသူတွေအနေနဲ့ တရားဝင်အခမ်းအနားတွေက တက်ရောက်သူစာရင်း၊ စစ်တပ်မီဒီယာတွေက ထုတ်ပြန်ချက်တွေကိုပဲ စောင့်ကြည့်မှတ်တမ်းပြုစုကြရပါတယ်။

သူနဲ့အတူ အရန်အင်အား အပို့ခံရတယ်လို့ သတင်းထွက်ခဲ့တဲ့ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်အေးလည်း အာဏာသိမ်းပြီးတဲ့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ပြန်ဖြစ်လာခဲ့ ပါတယ်။

အရင်က ရာထူးတက်ဖို့လမ်းဆုံးသွားသူတွေကို အရန်အင်အားကို ပို့ခဲ့တာဖြစ်လို့ အခုလို အရန်အင်အားရောက်ပြီးမှ ရာထူးအမြင့်တွေ ပြန်ခန့်တဲ့အတွက် မျက်စိလည်စရာတွေ ဖြစ်ကုန်တယ်လို့ စစ်ရေးလေ့လာသူတွေက ပြောပါတယ်။

"လုပ်ချင်တာ လုပ်သလိုဖြစ်နေတယ်။ သူ့(တပ်ချုပ်)ကို ပြန်ပြောရဲတဲ့သူလည်း ရှိပုံမပေါ်ဘူး" လို့ အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့လကလည်း တပ်ထိပ်ပိုင်းရာထူးတွေအပြောင်းအလဲဖြစ်ခဲ့ပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ရဲ့ စစ်ဥပဒေချုပ် နေရာကို တပ်မတော်အင်အားဖြည့်တင်းရေးက ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မျိုးသက်နောင် ရောက်လာပြီး ဒုတိယဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြင့်သွားခဲ့ပါတယ်။

အလားတူ တပ်မတော်စစ်ဆေးရေးနဲ့ စာရင်းစစ်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင် လည်း အရန်အင်အားကိုရောက်သွားပါတယ်။သူ့နေရာကို ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူး ဗိုလ်ချုပ် စိုးမင်းဦးက ဆက်ခံပြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဖြစ်လာခဲ့ပါတယ်။

https://www.bbc.com/burmese/burma-60448324

--------------------------------------------------------------------------------------------

## Cobra Gold စစ်ရေးလေ့ကျင့်မှု၌ မြန်မာကို ချန်လုပ်ထားခြင်းက စစ်အာဏာသိမ်းမှုကြောင့် မဟုတ်ဟု ထိုင်း ငြင်းဆို

By The Nation | 21 February 2022




ထိုင်းနှင့် အမေရိကန်တို့ ဦးဆောင်သော နှစ်စဉ် ပြုလုပ်မြဲဖြစ်သည့် Cobra Gold စစ်ရေးလေ့ကျင့်မှုကို တနင်္ဂနွေနေ့တွင် စတင်လုပ်ဆောင်ရာ၌ မြန်မာနိုင်ငံအား ချန်လုပ်ထားခြင်းသည် ပြီးခဲ့သည့်နှစ် စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားနေသော ပဋိပက္ခများနှင့် သက်ဆိုင်ခြင်း မရှိဟု ထိုင်းကာကွယ်ရေး ဝန်ကြီးဌာနက အခိုင်အမာ ဆိုလာသည်။

ယခု နှစ် Cobra Gold စစ်ရေးလေ့ကျင့်မှုကို အရွယ်အစား ချုံ့ပြီး လူသားချင်းစာနာထောက်ထားရေး လေ့ကျင့်မှုအပေါ် ဦးတည်ထားသည်။

၁၉၈၂ ခုနှစ်က စတင်သော Cobra Gold စစ်ရေးလေ့ကျင့်မှုသည် ကမ္ဘာတွင် ကာလအရှည်ဆုံး ဘက်ပေါင်းစုံ စစ်ရေးလေ့ကျင့်မှုဖြစ်ကာ တရုတ်နှင့် ယှဉ်ပြိုင်မှုများ တိုးလာချိန်၌ အမေရိကန်၏ အာရှ၌ မဟာမိတ် ခိုင်မာရေး ပလက်ဖောင်းတစ်ရပ်လည်း ဖြစ်သည်။

ယခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယားနှင့် ဩစတြေးလျမှ တပ်ဖွဲ့ဝင်များ ပါဝင်သည်။

၎င်းတို့သည် ထိုင်းတပ်အင်အား ၂၀၀၀ နှင့် အမေရိကန်တပ်အင်အား ၁၂၀၀ နှင့်အတူ ယခုနှစ် မတ် ၅ ရက်အထိ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးရေး စစ်ရေးလေ့ကျင့်မှုများကို ဆောင်ရွက်သွားကြမည် ဖြစ်သည်။

ယခင်ကကဲ့သို့ ကျည်စစ်ဖြင့် စစ်ရေးလေ့ကျင့်မှု မပါဝင်သော ယခုနှစ် စစ်ရေးလေ့ကျင့်မှု၌ စစ်လေယာဉ်များ ဆင်းသက်ခြင်းနှင့် ကယ်ဆယ်ခြင်း စသော စစ်ရေးလေ့ကျင့်မှုများကို ပြုလုပ်သွားမည် ဖြစ်သည်။

COVID-19 ကပ်ဘေး မကျရောက်ခင် ပြီးခဲ့သည့် Cobra Gold စစ်ရေးလေ့ကျင့်မှု၌ အမေရိကန်စစ်သား ၄၅၀၀ ခန့် ပါဝင်ခဲ့ခြင်းဖြစ် သည်။

ယခုနှစ် စစ်ရေးလေ့ကျင့်မှုကို အရွယ်အစား ချုံ့ထားသော်လည်း မရှိမဖြစ် ခိုင်မာသော စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပါဝင်မည် ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူ ဗိုလ်ချုပ်ကြီး ခွန်ချိ တန်ထရာဗန်နစ်ရှိက ပြောသည်။

ယခင်က Cobra Gold စစ်ရေးလေ့ကျင့်မှု၌ လေ့လာစောင့်ကြည့်သူဖြစ်ခဲ့သော မြန်မာကို နှစ်ခါဆက်တိုက်အဖြစ် ဖယ်ချန်ထားခြင်းသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးချိန်မှနောက်ပိုင်း နိုင်ငံအတွင်း ဖြစ်ပွားနေသော အကျပ်အတည်းနှင့် မသက်ဆိုင်ကြောင်း ၎င်းက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ရွေးကောက်ခံ အစိုးရကို ဖြုတ်ချပြီး အရပ်သားများအပေါ် ရက်စက်စွာ ပြုမူခြင်းများအတွက် မြန်မာစစ်တပ်အား အမေရိကန်နှင့် အနောက်အင်အားကြီး နိုင်ငံများက ရှုတ်ချထားသည်။ သို့ရာတွင် ထိုင်းနှင့် မြန်မာစစ်တပ်တို့သည် ခိုင်မာသည့် ဆက်ဆံရေး ရှိထားသည်။

https://www.mizzimaburmese.com/article/100023

-----------------------------------------------------------------------------------------------------

## ICJ တွင် စစ်ကောင်စီကို ခုခံခွင့်ပေးခြင်းက အစဉ်အလာဆိုးကို ဖြစ်စေနိုင်

Parvej Siddique Bhuiyan | 20 February 2022

ရိုဟင်ဂျာ ၇၅၀,၀၀၀ ကျော်ကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးစေသည့် ၂၀၁၇ ခုနှစ်က မြန်မာစစ်တပ်၏ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးအပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အနောက် အာဖရိက နိုင်ငံတခုဖြစ်သော ဂမ်ဘီယာက ထိုအမှုကို နိုင်ငံတကာ တရားရုံး (ICJ) တွင် စွဲဆိုကာ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို ချိုးဖောက်ကြောင်း စွပ်စွဲသည်။

ထို့နောက် ရိုဟင်ဂျာများအပေါ် နောက်ထပ် ရက်စက်ကြမ်းကြုပ်မှုများမှ အကာအကွယ်ပေးရန် ယာယီအစီအမံ လုပ်ဆောင်ပေးရမည့် ဥပဒေကြောင်း တာဝန်ကို ချမှတ်ခဲ့သည့် တရားရုံးကို တုန့်ပြန်သည့်အနေဖြင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတွင် ထိုစဉ်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရက ICJ ၏ စီရင်ပိုင်ခွင့်နှင့် လျှောက်ထားမှုကို ခွင့်ပြုခြင်းအား ကန့်ကွက်သည်။

*ICJ က စစ်ကောင်စီခေါင်းဆောင်များအား ခုခံချေပသူအဖြစ် တရားရုံးတွင် ကြားနာမှုသစ် ကျင်းပလျှင် ICJ သည် ဖြစ်ပွားနေဆဲပြည်တွင်းစစ်တွင် သွယ်ဝိုက် ဘက်လိုက်ပြီး မည်သူမျှ အသိအမှတ်မပြုသည့် စစ်ကောင်စီကို တရားဝင်အသိအမှတ်ပြုသလို ဖြစ်မည်*

ထိုအခြေအနေတွင် ICJ က စစ်ကောင်စီခေါင်းဆောင်များ ခုခံချေပသူ ဖြစ်လာနိုင်သည့် တရားရုံးကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကြားနာမှုသစ် ကျင်းပမည်ဖြစ်ကြောင်း မကြာသေးမီက ကြေညာခဲ့သောကြောင့် ICJ သည် ဖြစ်ပွားနေဆဲပြည်တွင်းစစ်တွင် သွယ်ဝိုက် ဘက်လိုက်ပြီး မည်သူမျှ အသိအမှတ်မပြုသည့် စစ်ကောင်စီကို တရားဝင်စေမည်ဆိုသည့် ခန့်မှန်းပြောဆိုမှုများကို ဖြစ်စေခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုမှ စတင်ပြီး စစ်ကောင်စီ (SAC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့သည် နိုင်ငံတကာအသိုက်အဝန်း၏ အသိအမှတ်ပြုမှုရရန် ရှန်းကန်ကြိုးစားနေသည် ဆိုသည့်အချက်သည် မှတ်သားသင့်သော အချက်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် စစ်တပ်က ရိုဟင်ဂျာ မွတ်ဆလင်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများသည် လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိကြောင်း ကုလသမဂ္ဂ စုံစမ်းစစ်ဆေးသူများက ကောက်ချက်ချခဲ့သောအခါ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အရပ်သားအစိုးရနှင့် စစ်တပ်ခေါင်းဆောင်များက ထိုစွပ်စွဲချက်ကို ငြင်းဆန်ကြသည်။

၂၀၁၉ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် စစ်တပ်ကို လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု စွပ်စွဲချက်များမှ ကာကွယ်ပေးရန် ထိုကြားနာစစ်ဆေးမှုသို့ လူကိုယ်တိုင်တက်ရောက်သည်။

သို့သော် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ အတုအယောင် ဒီမိုကရေစီလမ်းစဉ်ကို အဆုံးသတ်ပစ်လိုက်ပြီး ကုလသမဂ္ဂ၏ ထိပ်တန်းတရားရေးအဖွဲ့အစည်းဖြစ်သော ICJ တွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံကို ကိုယ်စားပြုနိုင်ခြင်း မရှိတော့ပေ။ ထိုအချိန်တွင် စစ်ကောင်စီသည် လူမျိုးတုံးသတ်ဖြတ်မှု စွဲချက်ကို ချေပရန် ၎င်း၏နိုင်ငံခြားရေးဝန်ကြီး ဝဏ္ဏမောင်လွင် ဦးဆောင်သည့် ဥပဒေအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

ကုလသမဂ္ဂစနစ်နှင့် နိုင်ငံတကာဥပဒေအရ တရားမဝင် စစ်ကောင်စီ၏ ကိုယ်စားပြုမှုကို လက်ခံခြင်းသည် စစ်ကောင်စီကို တရားဝင် အသိအမှတ်ပြုမှု မပေးဘဲ NUG အစိုးရ မဟာမိတ် လက်ရှိသံအမတ် ဦးကျော်မိုးထွန်းကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်အသိအမှတ်ပြုသည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

*မည်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ ကုလသမဂ္ဂအေဂျင်စီနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများကမျှ စစ်ကောင်စီကို တရားဝင် အသိအမှတ်ပြုထားခြင်း မရှိသော်လည်း ထိုသို့လုပ်ပါက စစ်ကောင်စီသည် မြန်မာနိုင်ငံ ကိုယ်စားပြုခွင့်ရှိသူအဖြစ် လက်ခံလိုက်သကဲ့သို့ သဘောသက်ရောက်သွားသည်။*

မည်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ ကုလသမဂ္ဂအေဂျင်စီနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများကမျှ စစ်ကောင်စီကို တရားဝင် အသိအမှတ်ပြုထားခြင်း မရှိသော်လည်း ထိုသို့လုပ်ပါက စစ်ကောင်စီသည် မြန်မာနိုင်ငံ ကိုယ်စားပြုခွင့်ရှိသူအဖြစ် လက်ခံလိုက်သကဲ့သို့ သဘောသက်ရောက်သွားသည်။

မည်သူက မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့်ရှိသည်ကို ICJ အနေဖြင့် ဆုံးဖြတ်နိုင်ခြင်း မရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားပြုမှုကို ဆုံးဖြတ်ရာတွင် အခြားကုလသမဂ္ဂ အဖွဲ့အစည်းများသည် အရည်အချင်းစိစစ်ရေးကော်မတီကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၃၉၆(V) (၁၉၅၀) တွင် ဖော်ပြထားသည်။

ထို့အပြင် ICJ သည် စစ်အာဏာသိမ်းမှုကို အပြင်းထန်ဆုံး ရှုတ်ချပြီး အားလုံးပါဝင်သော အရပ်သား အစိုးရပြန်လည်ထူထောင်ရန်တောင်းဆိုသည့် ၂၀၂၁ ခုနှစ်ဇွန်လက ချမှတ်ခဲ့သည့် ကုလသမဂ္ဂဆုံးဖြတ်ချက်ကိုလည်း လျစ်လျူရှု မထားနိုင်ပေ။ ထိုဆုံးဖြတ်ချက်ကို အဖွဲ့ဝင် နိုင်ငံပေါင်း ၁၁၉ နိုင်ငံက ထောက်ခံပြီး ဆန့်ကျင်သောနိုင်ငံမှာ ဘယ်လာရုစ် တနိုင်ငံသာ ရှိသည်။

မြန်မာကို မည်သူကိုယ်စားပြုသည်ဖြစ်စေ ပြည်သူများကို ကိုယ်စားပြုရမည်ဖြစ်သည်။ သို့သော် စစ်ကောင်စီသည် ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်များတွင် လူအစုလိုက် အပြုံလိုက်သတ်ဖြတ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့ပြီး အာဏာသိမ်းပြီးနောက်ပိုင်းတွင် မြန်မာများကိုပါ သတ်ဖြတ်သောကြောင့် မြန်မာပြည်သူများက စစ်ကောင်စီကို အတိအလင်း ပယ်ချထားပြီး စစ်ကောင်စီကို နိုင်ငံတကာရာဇဝတ် တရားရုံး (ICC) တွင်ပင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုဖြင့် စွဲဆိုနိုင်သည်။

ထို့ကြောင့် အရပ်သားအစိုးရကို ဖြုတ်ချခဲ့သည့် တရားမဝင်သော အရာရှိများကို ခွင့်ပြုခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်ကို ထိပါးပြီး တရားဥပဒေစိုးမိုးရေးကို အားပေးရန် ICJ ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာ ဖြစ်လာသည်။

NUG အစိုးရက မကြာသေးမီက ထုတ်ပြန်သည့် ကြေညာချက်တစောင်အရ ICJ သည် မြန်မာနှင့် ရိုဟင်ဂျာများအပါအဝင် မြန်မာပြည်သူများအတွက် အနောက်အယှက်ဖြစ်စေမည့် အန္တရာယ်များလှသော ဥပမာတခုကို ချမှတ်မည့် အန္တရာယ် ရှိနေကြောင်း သိရသည်။

*စစ်ကောင်စီသည် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများတွင် ဥပဒေအရ တရားဝင်အသိအမှတ်ပြု အကြီးအကျယ်ရရှိရေး ယခုကြားနာစစ်ဆေးမှုကို အသုံးချရန် ကြိုးစားမည်ကို သဘောပေါက် ထားပြီးဖြစ်သည်။ ထို့ကြောင့် လူအစုလိုက်အပြုံလိုက်သတ်သည့် စစ်ကောင်စီကို လက်မခံနိုင်သော အပြည်ပြည်ဆိုင်ရာရှိ နိုင်ငံများ၏ ကျင့်ဝတ်နှင့် သေနင်္ဂဗျူဟာကို တစုံတရာ ထိခိုက် စေမည်ဖြစ်သည်။*

စစ်ကောင်စီသည် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများတွင် ဥပဒေအရ တရားဝင်အသိအမှတ်ပြု အကြီးအကျယ်ရရှိရေး ယခုကြားနာစစ်ဆေးမှုကို အသုံးချရန် ကြိုးစားမည်ကို သဘောပေါက် ထားပြီးဖြစ်သည်။ ထို့ကြောင့် လူအစုလိုက်အပြုံလိုက်သတ်သည့် စစ်ကောင်စီကို လက်မခံနိုင်သော အပြည်ပြည်ဆိုင်ရာရှိ နိုင်ငံများ၏ ကျင့်ဝတ်နှင့် သေနင်္ဂဗျူဟာကို တစုံတရာ ထိခိုက် စေမည်ဖြစ်သည်။

အလားတူစွာပင် ထိုလုပ်ရပ်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြန်လည်ထိန်းသိမ်းရေးအတွက် တောင်းဆိုနေသည့် လူမှုအခြေပြုအဖွဲ့အစည်းများသို့သော ဆိုးရွားလှသော သတင်းစကားကို ပေးပို့လိုက်ခြင်းဖြစ်သည်။ ICJ ဥက္ကဋ္ဌသို့ ပူးတွဲပေးပို့သောစာတွင် Legal Action Worldwide (LAW), Fortify Rights နှင့် Myanmar Accountability Project (MAP) အဖွဲ့တို့က စစ်ကောင်စီက မြန်မာနိုင်ငံကို ကိုယ်စားပြုသည်ကို ရုံးတော်က လက်ခံခြင်းသည် စစ်ကောင်စီ၏ တရားမဝင် အာဏာသိမ်းမှုကို တရားဝင်အောင် လုပ်ဆောင်လိုက်သည့် အန္တရာယ် ရှိသည် ဟုဖော်ပြထားပြီး ပိုမိုအရေးကြီးသော ကိစ္စမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဇဘားဒုက္ခသည်စခန်းမှ ရိုဟင်ဂျာ ၈၀၇ ဦးတို့က ICJ ဥက္ကဋ္ဌထံသို့ ရေးသားသော စာတစောင်တွင် စစ်ကောင်စီကို တရားဝင် ခွင့်ပေးသည့် မည်သည့် လုပ်ရပ်ကို မဆိုနှင့် အရေးပါသည့် ထိုအမှုကြားနာမှုကို ဆက်လက်ပြုလုပ်မည် လုပ်ရပ်များကို ပြန်လည်သုံးသပ်ရန် တိုက်တွန်းထားခြင်းပင်။

ထို့အပြင် စစ်ကောင်စီသည် ရခိုင်ပြည်နယ်မှ အဓိကအုပ်ချုပ်ရေးလုပ်ငန်းများဖြစ်သည့် အခွန်ကောက်ခံခြင်းနှင့် နယ်မြေတည်ငြိမ်ရေး စသည်တို့ကို ထိရောက်စွာ လုပ်ကိုင်နိုင်ခြင်း မရှိတော့သောကြောင့် တရားခွင်တွင် စစ်ကောင်စီက ကိုယ်စားပြုခြင်းသည် ICJ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာတွင်လည်း ပိုမိုရှုပ်ထွေးစေနိုင်သည်။ ရခိုင်ပြည်နယ်အခြေစိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်သော ရက္ခိုင့်တပ်တော် (AA) က ရခိုင်ပြည်နယ် ၆၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီး ရိုဟင်ဂျာများ အခြား ဒေသခံများထံမှ အခွန်ကောက်နေသည်။

စစ်ကောင်စီက အကာအကွယ်ပေးရေးဆိုင်ရာ ယာယီအစီအမံများကို အကောင်အထည်ဖော်ရန် ပျက်ကွက်နေခြင်းကိုလည်း ICJ အနေဖြင့် မှတ်သားသင့်သည်။ ICJ ၏ ဆုံးဖြတ်ချက်များကို အတိအလင်း ချိုးဖောက်သည့် အနေဖြင့် စစ်ကောင်စီက စီမံသည့် ဘူးသီးတောင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ရိုဟင်ဂျာများ လွတ်လပ်စွာသွားလာခွင့်ကို ပိတ်ပင်ထားပြီး အသက်မွေးဝမ်းကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသက်ရှင်သန်ရန် အခြားအခြေခံလိုအပ်ချက်များကို ဖိနှိပ်ပိတ်ပင်ထားသည်။

*သို့သော် NUG သို့မဟုတ် စစ်ကောင်စီက ကိုယ်စားပြုမှုသည် ရုံးတော်၏ ကြားနာစစ်ဆေးမှုများကို မည်သည့်လက်တွေ့ကျသည့် တိုက်ရိုက်သက်ရောက်မှုမျှ ရှိမည်မဟုတ်ပေ။ မြန်မာ၏ တရားဝင် အခွင့်အာဏာကို ဖွင့်ဆိုခြင်းသည် ယခု မြန်မာ-ဂမ်ဘီယာအမှုနှင့် မသက်ဆိုင်ပေ။*

တဘက်တွင်မူ NUG က ထိုအကျပ်အတည်း ပြေလည်စေရန်ရေရှည်အဖြေအတွက် လက်တွေ့ကျသည့် အဆိုပြုချက် ၂ ခုကို အဆိုပြုထားသည်။ ပထမအချက်မှာ ရိုဟင်ဂျာများအားလုံးကို နိုင်ငံသားဖြစ်ခွင့် အပြည့်အဝပေးရေး ဖြစ်ပြီး ဒုတိယ အချက်မှာ ရိုဟင်ဂျာ ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် ယခင် ရက်စက်ကြမ်းကြုတ်မှုများကို ဝန်ခံကာ ယခင် ပဏာမ ကန့်ကွက်ချက်များကို ရုတ်သိမ်းလိုက်ခြင်းဖြစ်သည်။

သို့သော် NUG သို့မဟုတ် စစ်ကောင်စီက ကိုယ်စားပြုမှုသည် ရုံးတော်၏ ကြားနာစစ်ဆေးမှုများကို မည်သည့်လက်တွေ့ကျသည့် တိုက်ရိုက်သက်ရောက်မှုမျှ ရှိမည်မဟုတ်ပေ။ မြန်မာ၏ တရားဝင်

အခွင့်အာဏာကို ဖွင့်ဆိုခြင်းသည် ယခု မြန်မာ-ဂမ်ဘီယာအမှုနှင့် မသက်ဆိုင်ပေ။ ထို့ကြောင့် မြန်မာနိုင်ငံကို မည်သူက်ိုယ်စားပြုသည်ဖြစ်စေ ICJ အနေဖြင့် ရခိုင်ပြည်နယ်တွင် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများ နှင့်/ သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည်ဆိုသည့် ခိုင်မာသော အခြေခံပေါ်တွင်သာ ဆက်လက် ကြားနာစစ်ဆေးရမည်ဖြစ်ပေသည်။

*(ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ Letting Junta Defend Myanmar in Rohingya Genocide Case Sets Troubling Precedent ကို ဘာသာပြန်သည်။ ပါဗက်ဂျ် ဆစ်ဒစ် ဘူရီယန်သည် တောင်အာရှ အထူးပြုသော လုံခြုံရေးနှင့် သေနင်္ဂဗျူဟာ သုတေသီ ဖြစ်သည်။)*

https://burma.irrawaddy.com/opinion/viewpoint/2022/02/20/250069.html

-----------------------------------------------------------------------------------------------------------

## ICJ ရိုဟင်ဂျာအမှု နိုင်ငံကိုယ်စားပြုဖို့ စစ်ကောင်စီမဖြေရှင်းနိုင်ဟု NUG ရှင်းလင်း

၂၁ရက် ဖေဖော်ဝါရီ ၂၀၂၂

ICJ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ရိုဟင်ဂျာအမှုရင်ဆိုင်နေရာမှာ မြန်မာစစ်ကောင်စီက နိုင်ငံကိုယ်စားပြုပါဝင်နေမှုကို လက်မခံနိုင်ဘူးလို့ NUG ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရက ပြောပါတယ်။ စစ်ကောင်စီက မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး ဒီပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့လည်း NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်က ဒီကနေ့ သတင်းစာရှင်းလင်းပွဲမှ ပြောခဲ့ပါတယ်။

"ကိုယ်စားပြုတယ်ဆိုတာက "တစ်" အချက်။ နောက်ပြီးတော့ နိုင်ငံတော်ကို တကယ် ကိုယ်စားမပြုနိုင်တဲ့သူက အကယ်၍သွားပြီးတော့ ရင်ဆိုင်လိုက်မယ်ဆိုရင်ကော တရားရုံးရဲ့ဆုံးဖြတ်ချက်တွေကို သူလိုက်နာပါ့မလားဆိုတဲ့အချက်-ဒုတိယတချက်ရှိတယ်ပေါ့နော်။
အဲဒီတော့ ပထမတဆင့် ကျမတို့တိုင်းပြည်ထဲမှာ အာဏာသိမ်းပြီးနောက် ဖြစ်နေတဲ့ ပြဿနာက ဘာလဲဆိုတော့ တိုင်းပြည်ကို State ဆိုတဲ့၊ နိုင်ငံတော်ကို ဘယ်သူကိုယ်စားပြုသလဲဆိုတဲ့ပြဿနာ။ အဲဒီတော့ IC ကိုယ်နှိုက်ကိုက နိုင်ငံတော်ကို တရားစွဲထားတာဖြစ်တယ်။ စစ်တပ်ဆိုတဲ့ မင်းအောင်လှိုင်ကို တရားစွဲထားတာမဟုတ်ဘူး။ case ကိုယ်နှိုက်ကိုက မြန်မာနဲ့ဂမ်ဘီယာနဲ့ဖြစ်နေတာ State ဆိုတာဖြစ်တယ်ပေါ့နော်။ အဲဒီတော့ စစ်တပ်ဆိုတာ State ထဲက institution တခုဖြစ်တဲ့အတွက် ဘယ်စစ်တပ်ကမှ ကိုယ်စားပြုခွင့်မရှိဘူး။ တကယ့်တကယ်ကျတော့ - ဘယ် ပရော်ဖက်ရှင်နယ်စစ်တပ်ကမှ နိုင်ငံတော်ကို ကိုယ်စားပြုလို့မရဘူး။ နိုင်ငံတော်မှာ Head of State တို့ဆိုတာ ရှိထားပြီးသားဖြစ်တယ်။ ဒါ့ကြောင့် Head of State အနေနဲ့အသိအမှတ်ပြုလို့မရဘူး။ ကိုယ်စားပြုခွင့် မပေးနိုင်ဘူး။ ဒါက တချက်။

... ဒုတိယတချက်က ဘာလဲဆိုတဲ့အခါကျတော့ "ကိုယ်စားပြုခွင့်ရရင်ကော ဘာလုပ်မှာလဲ" ပေါ့။ ကျမတို့က အစောကြီးကတည်းက ပြောထားပြီးသားဖြစ်တယ်။ ကျမတို့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိနဲ့ ကျမတို့နိုင်ငံအတွင်းမှာ ဖြစ်ပေါ်သွားတဲ့ကျူးလွန်မှုတွေ၊ ဖြစ်ပေါ်ခဲ့တဲ့ကိစ္စတွေကို နိုင်ငံတော်ရဲ့အစိုးရတရပ်အနေနဲ့ ကျမတို့ ပူးပေါင်းဆောင်ရွက်သွားမယ်။ ဒီတရားရုံးရဲ့ဆုံးဖြတ်ချက်တွေကို လိုက်နာသွားမယ်။ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတဲ့နေရာကနေ ကျမတို့ ရပ်တည်တာဖြစ်တယ်။

.....ဒီ case ၂ ခုဟာ ရင်ဆိုင်လိုက်တိုင်း ကျမတို့က တယောက်ကိုတယောက် ဆန့်ကျင်ဖို့၊ မဆန့်ကျင်ဖို့ဆိုတာ ကျမတို့ရဲ့ position က တရားမျှတမှုအတွက်ပဲ။ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို ကျမတို့ တိုင်းပြည်ထဲမှာဖြစ်ပျက်နေတဲ့အတိုင်း တင်ပြသွားဖို့ပဲဖြစ်တယ်။ နောက်ဆုံး ဆုံးဖြတ်ချက်က တရားရုံးက တရားသူကြီးတွေက ချမှတ်ရမှာဖြစ်တယ်။ အဲဒီတော့ အဲဒီလို တရားသူကြီးတွေက ချမှတ်လိုက်တဲ့ တရားရုံးကဆုံးဖြတ်ချက်ကို ကျမတို့က ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်တယ်ပေါ့နော်။

...ဆိုတော့ ဒါကတော့ ကျမတို့အတွက် အင်မတန်ရှင်းလင်းတဲ့အနေအထားမှာရှိနေတယ်လို့ပဲ ကျမအနေနဲ့မြင်တယ်။ ရှုပ်ထွေးနေတဲ့အနေအထားက ဘာလဲဆိုတော့ အာဏာသိမ်းလိုက်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ကို ကိုယ်စားပြုခွင့်မရှိတဲ့လူတွေက နိုင်ငံတော်ကို ကိုယ်စားပြုရမယ့်နေရာမှာ လာပြီးတော့ ကိုယ်စားပြုနေတဲ့အတွက်ကြောင့် ဖြစ်နေတဲ့ပြဿနာလို့ ဒီလိုပဲ ကျမတို့က ရှင်းရှင်းလင်းလင်း မြင်ပါတယ်။”

မြန်မာ ပြည်သူအားလုံး အတွက် တရားမျှတမှု ရရှိရေးဟာ အမျိုးသား ညီညွတ်ရေး အစိုးရ ရဲ့ အန္တိမ ပန်းတိုင် ဖြစ်ပြီး ဒီနေ့ ICJ အမှုကိစ္စကတော့ ရိုဟင်ဂျာ အသိုက်အဝန်းအတွက်တရားမျှတမှုရရှိရေး ဖြစ်ပါတယ်လို့ အင်န်ယူဂျီ နိုင်ငံခြားရေး ဝန်ကြီး ဒေါ် ဇင်မာအောင် က ပြောပါတယ်။

အမျိုးသား ညီညွတ်ရေး အစိုးရ က ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု ကို တည်ထောင်ရာမှာ တရားမျှတမှု၊ ငြိမ်းချမ်းရေး နဲ့ တန်းတူညီမျှမှု အပေါ် မှာ တည်ဆောက်သွားမှာ ဖြစ်တဲ့အတိုင်း၊ မြန်မာနိုင်ငံ မှာ ရှိတဲ့ လူတိုင်းအတွက် တရားမျှတမှု ရရှိဖို့ အရေးယူ ဆောင်ရွက်သွားဖို့ သူ့အနေနဲ့ ပိုင်းဖြတ်ထားကြောင်း အမျိုးသား ညီညွတ်ရေး အစိုးရ ရဲ့ လူ့အခွင့်အရေး ဝန်ကြီးဌာန ဝန်ကြီး ဦး အောင်မျိုးမင်း ကလည်း ပြောကြားသွားပါတယ်။

ဒီ သတင်းစာ ရှင်းလင်းပွဲ မှာ ဥရောပ ရိုဟင်ဂျာ ကောင်စီ ရဲ့ ဥက္ကဋ္ဌ Dr. Ambia Perveen, မြန်မာ့ အရေး ကျွမ်းကျင်သူ Dr. Martin Smith နဲ့ ယခင် နယ်သာလန် နိုင်ငံ ရဲ့ သံအမတ်ကြီး Laetitia van dem Assum တို့ က ရိုဟင်ဂျာ အရေး နဲ့ ဆက်စပ်ပြီး၊ မြန်မာ နိုင်ငံ အခြေအနေတွေ ကို ရှင်းလင်း ပြောကြားသွားကြပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၂ နဲ့ ၂၀၁၇ ခုနှစ်တွေအတွင်းဖြစ်ခဲ့တဲ့ ရိုဟင်ဂျာလူမျိုးတွေ အစုအပြုံလိုက်သတ်ဖြတ်ခံရမှုတွေဟာ Genocide လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ နိုင်ငံတကာဥပဒေကိုချိုးဖောက်တယ်ဆိုပြီး မြန်မာကို ဂန်ဘီယာနိုင်ငံက ICJ မှာ တရားစွဲခဲ့တာပါ။ အခုအဆင့်ကတော့ ဒီအမှုကို ICJ မှာ ကြားနာသင့်မသင့် စစ်ဆေးနေတာပါ။ ၂၀၁၉ ခုနှစ်တုန်းကတော့ NLD အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်တတ်ရောက်ခုခံဖြေရှင်းခဲ့ပေမယ့်၊ ဒီ လျှောက်လွှဲခုခံမှုကို ပြန်ရုပ်သိမ်းတယ်လို့ NUG က ပြောဆိုထားပါတယ်။
https://burmese.voanews.com/a/myanmaricj-myanmarrohingya-icjrohingya-nugmyanmar-voaburemse-ဇင္မာေအာင္-0ိုဟင္ဂ်ာ-စစ္ေကာင္စီ-ဗိုုအိုေအ/6452015.html

----------------------------------------------------------------------------------------------------

## ဘင်္ဂလားဒေ့ရှ်နဲ့ ဆက်ဆံရေး တိုးမြှင့်လိုကြောင်း AA ထုတ်ပြန်

2022.02.21



ရိုဟင်ဂျာ ဒုက္ခသည်စခန်းမှာတွေ့ရတဲ့ ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ဝင်များ
Photo - AFP

ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ စစ်ရေးနိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ သံတမန်ဆက်ဆံရေး ပိုမိုအားကောင်း လာအောင် မြှင့်တင်လိုတယ်လို့ ရက္ခိုင့်တပ်တော် (ULA/ AA) က ဖေဖော်ဝါရီလ ၂၀ ရက် မနေ့က ရက်စွဲနဲ့ ထုတ်ပြန် လိုက်ပါတယ်။

ဒီကနေ့ ကျရောက်တဲ့ နိုင်ငံတကာ မိခင်ဘာသာစကားများနေ့မှာ ကမ္ဘာပေါ်မှာရှိတဲ့ မိခင်ဘာသာစကား ပိုင်ဆိုင်ထားတာတွေကို ဂုဏ်ပြုတဲ့ ထုတ်ပြန်ချက်မှာ ထည့်သွင်းဖော်ပြထားတာပါ။ ထုတ်ပြန်ချက်မှာ ရခိုင်ပြည်နယ်ကို အာရက္ခပြည်လို့ သုံးနှုန်းထားပါတယ်။

ဘင်္ဂလားဒေ့ရှ်နဲ့ အာရက္ခပြည်ဒေသမှာ ရှိတဲ့လူအဖွဲ့အစည်းနှစ်ခုဟာ သမိုင်းနဲ့ ယဉ်ကျေးမှုအရ အပြန်အလှန် ဆက်နွယ်မှုရှိပြီး ရခိုင်အသိုင်းအဝိုင်းဟာ ဘင်္ဂလားပြည်ရဲ့ အစိတ်အပိုင်းဖြစ်သလို ဘင်္ဂလားဒေ့ရှ်ဟာလည်း အာရက္ခပြည်ရဲ့ တစိတ်တပိုင်းဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ရခိုင့်အချုပ်အခြာအာဏာကို ရခိုင်ပြည်သူပြည်သားတွေဆီကို ပြန်လည်ပေးအပ်တာဟာ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှုရဲ့ ရည်ရွယ်ချက်ဖြစ်ပြီး မိခင်ဘာသာစကား ပြောဆိုပိုင်ခွင့်ဟာလည်း တခုအပါအဝင်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဖေဖော်ဝါရီလ ၂၁ ရက် ဒီနေ့ဟာ သိပ္ပံနဲ့ ယဉ်ကျေးမှုဆိုင်ရာ UNESCO အဖွဲ့က ၁၉၉၉ ခုနှစ်မှာ အသိအမှတ်ပြုထားတဲ့ မိခင်ဘာသာစကားနေ့ ၂၃ နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။

https://www.rfa.org/burmese/news/bangladesh-rakhine-aa-myanmr-diplomacy-02212022110216.html

---------------------------------------------------------------------------------------------

## ပူတာအိုမှာ လေးရက်ကြာ တိုက်ပွဲ ပြင်းထန်နေဆဲ

2022.02.21



ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ဖွဲ့ဝင်တချို့ကို ၂၀၂၁ မေ ၁၆ ရက်နေ့က တွေ့ရစဉ် Photo: AFP

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ် အင်စီယာန်ရွာအနီးမှာ စစ်ကောင်စီတပ်ဖွဲ့နဲ့ ကချင် လွတ်လပ်ရေးတပ် (KIA) နဲ့ ဒေသကာကွယ်ရေးတပ် PDF ပူးပေါင်းတပ်ဖွဲ့ဝင်တွေအကြား လေးရက်ကြာ တိုက်ပွဲပြင်းထန်နေဆဲပဲလို့ ဒေသခံတွေက ပြောပါတယ်။

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်ထဲက အင်စီယာန်ရွာအနီး စစ်ကောင်စီတပ်စခန်းတစ်ခု ဖြစ်တဲ့ ရှိန်ဂတ်ဘွမ်စခန်းဟာ စစ်ကောင်စီဘက်က ဒု-တပ်ရင်းမှူးအဆင့် ကွပ်ကဲတဲ့ စခန်းတစ်ခုဖြစ်ပြီး KIA တပ်မဟာ ၁ လက်အောက်ခံ တပ်ရင်း ၇ နဲ့ PDF တပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

**"တိုက်ပွဲက ဒီစစ်တပ် ဆွမ်ပီယာန်စခန်း ခြင်းခတ်တောင်စခန်းကို PDF နဲ့ KIA ပူးပေါင်းပြီးမှ တိုက်ခဲ့တာလေ"**

ဒီမနက်လည်း ရှိန်ဂတ်ဘွမ် စစ်ကောင်စီစခန်းကို (KIA) နဲ့ (PDF) ပူးပေါင်းပြီး ဆက်လက် တိုက်ခိုက်နေတယ်လို့ ဒေသခံတစ်ဦးက ပြောပါတယ်။

**“(ရှိန်ဂတ်ဘွမ်) တိုက်ပွဲက မနေ့ကနဲ့ ဒီနေ့။ မနေ့ကလည်း တစ်နေကုန်လို့ ပြောလို့ရ တယ်။ အခု ဒီမနက်လည်း အခုအချိန်အထိ အခုထိ တစ်ဒိန်းဒိန်း အသံကြားရတယ်။ ခုန ၁၀ နာရီခွဲကနေ အခု ၁၁ နာရီအထိ အသံတော့ ကြားနေရတုန်းပဲ။ တိုက်ပွဲက ဒီစစ်တပ် ဆွမ်ပီယာန်စခန်း ခြင်းခတ်တောင်စခန်းကို PDF နဲ့ KIA ပူးပေါင်းပြီးမှ တိုက်ခဲ့တာလေ”**

ရွာမှာ ညဘက်အစောင့် တစ်ယောက်သာချန်ထားပြီး ရွာလုံးကျွတ် တောထဲတိမ်းရှောင်နေ ရတယ်လို့ အင်ဆီယာန်ရွာ ဒေသခံတစ်ယောက်က ပြောပြပါတယ်။

**“ဒေသခံပြည်သူတွေကတော့ ဘယ်လိုပြောရမလဲ အခုတလော ရွာမှာလည်း သိပ်မနေရဲ ကြဘူး။ မနက်ကျရင်လည်း ဝင်လာမှာစိုးလို့ အကုန်လုံးက တောမှာပဲရှောင်နေရတာ အခုတလော။ အဘိုး၊ အဘွားတွေရောနေတယ်လေ တောမှာ၊ သူတို့ ရွာမှာလည်း မကျန် ခဲ့ဘူး။ ကျွန်မတို့ရော အကုန်လုံး ရွာမှာ သိပ်မကျန်ခဲ့ဘူး။ ကလေးတွေမှာ တောမှာပဲ နေကြတယ် အခုတလောက။ ဖျားကြတာ ရှိတယ် တချို့ကလေးတွေ၊ တချို့အဘိုး၊ အဘွားတွေရော တူတူပါပဲ။ ရာသီဥတုကလည်း အေးနေတော့ မိုးလည်းရွာနေတော့ အဲဒီလိုမျိုးတွေရှိတယ်”**

အင်စီယာန်ရွာဟာ လူဦးရေ ၂၀၀ ကျော် နေထိုင်တဲ့ ရွာဖြစ်ပါတယ်။

အသက်ကြီးသူနဲ့ ကလေးငယ်တွေဟာ တောထဲကအအေးဒဏ်အပြင် မိုးရွာတာကြောင့် ဖျားနာနေပြီး ဆေးဝါးနဲ့ အစားအသောက် အထောက်အပံ့တွေ လိုအပ်နေတယ်လို့ ပြောပါတယ်။

စစ်ကောင်စီတပ်တွေ နေရာယူထားတဲ့ ရှိန်ဂတ်ဘွမ်စခန်းဟာ လွန်ခဲ့တဲ့ သုံးနှစ်က KIA ရဲ့ တပ်စခန်းဖြစ်ခဲ့ပြီး အဲဒီစခန်းကို ပြန်သိမ်းနိုင်တဲ့အထိ တိုက်ခိုက်သွားမယ်လို့ ကချင်လွတ် မြောက်ရေးတပ် (KIA) ရဲ့ သတင်းပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူ က ပြောပါ တယ်။

**"ဖေဖော်ဝါရီလ ၁ ရက်ကလည်း အဲဒီ ဆွမ်ပီယာန်ဘက်မှာ စစ်ကောင်စီတပ်တွေ တပ်စွဲ ထားတဲ့နေရာကို ဝင်တိုက်တာ ရှိခဲ့ပါတယ်။ အခုလည်း အဲဒီရှိန်ဂတ်ဘွမ်မှာ ဝင်တိုက်နေ တယ်လို့ ပြောလို့ရပါတယ်။ အဲဒီ နေရာက အရင် KIA ထိုင်ခဲ့တဲ့ နေရာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကတည်းက စစ်ကောင်စီဘက်က သိမ်းပိုက်ခဲ့တဲ့ နေရာ ဖြစ်ပါတယ်။ အခုလည်း ကျွန်တော်တို့ အတက်နိုင်ဆုံးတော့ ကြိုးစားရမှာဖြစ်ပါတယ်"**

လက်ရှိတိုက်ပွဲ ဆက်ဖြစ်နေတာနဲ့ပတ်သက်လို့ ဗိုလ်မှူးကြီး နော်ဘူက အတည်ပြုထား သလို ထိခိုက်၊ ကျဆုံး စာရင်းတွေကိုတော့ အတည်ပြုမပြောပါဘူး။

ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်နေ့ တိုက်ပွဲအတွင်းမှာတော့ စစ်ကောင်စီတပ်ဘက်က သုံးယောက် ကျဆုံးခဲ့တယ်လို့ မြေပြင်တိုက်ပွဲမှာ တိုက်ခိုက်နေတဲ့ အမည်မဖော်လိုတဲ့ KIA တပ်ဖွဲ့ဝင်တစ်ဦးက RFA ကို ပြောပါတယ်။ ဒေသတွင်းသတင်းမီဒီယာတွေက စစ်ကောင်စီ ဘက်က သေဆုံးနှုန်းများတယ်လို့ ဖော်ပြကြပေမယ့် RFA က သီးခြားအတည်မပြုနိုင်သေး ပါဘူး။ ဒီအခြေအနေတွေနဲ့ပတ်သက်လို့ စစ်ကောင်စီဘက်က တုံ့ပြန်ချက်ရဖို့အတွက် စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ် ဇော်မင်းထွန်းကို တယ်လီဖုန်းကတစ်ဆင့် ဆက်သွယ်ဖို့ ကြိုးစားနေပါတယ်။

စစ်ကောင်စီတပ်ဟာ ပူတာအိုမြို့ကနေ စစ်သည်အင်အားတွေကို အင်စီယာန် ရွာနားက ရှိန်ဂတ်ဘွမ် စခန်းအတွက် ရဟတ်ယာဥ်နဲ့ ပို့ဆောင်ပေးနေတယ်လို့ ဒေသခံတွေက ပြောပါတယ်။



*(ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) တပ်ဖွဲ့ဝင်တချို့ကို ၂၀၂၁ မေ ၁၂ ရက်နေ့က တွေ့ရစဉ်) Photo: AFP*

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်နေ့တုန်းကလည်း စစ်ကောင်စီတပ်ရဲ့ ဆွမ်ပီယာန်ရွာက စခန်းကို (KIA) နဲ့ (PDF) ပူးပေါင်းအဖွဲ့တွေ တိုက်ပွဲပြင်းထန်ခဲ့ပြီး အဲဒီစခန်းကိုလည်း သိမ်းပိုက်နိုင်ခဲ့ကာ မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

ပူတာအိုမြို့နယ်အတွင်း တိုက်ပွဲတွေကြောင့် အင်စီယာန်၊ ဆွမ်ပီယာန်၊ လုံရှာယာန် စတဲ့ရွာ တွေ အပါအဝင် အနီးနားရွာတွေက ဒေသခံ ခြောက်ထောင်ကျော်တို့ဟာ တောထဲက စစ် ရှောင်စခန်းတွေကို တိမ်းရှောင်နေကြရတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

ကချင်ပြည်နယ်မှာ စစ်ကောင်စီတပ်နဲ့ KIA တို့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်ကနေ ဒီနေ့အထိ တိုက်ပွဲပေါင်း အကြိမ် ၂၀ ကျော် ဖြစ်ပွားခဲ့ပြီး နောက်ထပ်လည်း စစ်ရေးတင်းမာမှုတွေ ရှိနေဆဲပဲလို့ KIO သတင်းနဲ့ ပြန်ကြားရေး တာဝန်ခံ ဗိုလ်မှူးကြီး နော်ဘူက RFA ကို ပြောပါ တယ်။

ကချင်ပြည်နယ်တစ်ခုလုံးမှာ စစ်အာဏာသိမ်းမှုနောက်ပိုင်း တကျော့ပြန် ဖြစ်ပွားလာတဲ့ တိုက်ပွဲတွေ ကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးရသူပေါင်း နှစ်သောင်းခန့်အထိရှိနေတယ်လို့ ဒုက္ခသည်အရေး ကူညီသူ တွေက ခန့်မှန်းကြပါတယ်။

https://www.rfa.org/burmese/news/fighting-continues-for-four-days-in-putao-02212022033856.html

------------------------------------------------------------------------------------------------------------

## အာဏာရှင်ကို ဆက်လက်တော်လှန်နေဆဲ ချင်းအမျိုးသားများကို KNU လေးစားအသိအမှတ်ပြု

**ဖေဖော်ဝါရီ ၂၁ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**




စစ်တပ်က အာဏာသိမ်းချိန် ဖေဖော်ဝါရီလ ၁ရက်နေ့မှစပြီး အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရန် ဘဝတူတိုင်းရင်းသားများနှင့်အတူ ယနေ့အချိန်ထိ ဆက်လက်တိုက်ပွဲဝင်နေသည့် ချင်းအမျိုးသားများ၏ ဖွဲ၊ သတ္တိ၊ စိတ်ဓါတ်များကို လေးစားအသိအမှတ်ပြုကြောင်း KNU- ကရင်အမျိုးသားအစည်းအရုံးက ပြောဆိုလိုက်သည်။

ဖေဖော်ဝါရီလ ၂၀ရက် ယမန်နေ့က ကျရောက်ခဲ့သည့် ၇၄နှစ်မြောက် ချင်းအမျိုးသားနေ့အတွက် ပေးပို့သော ကရင်အ မျိုးသားအစည်းအရုံး၏ သဝဏ်လွှာတွင် ထည့်သွင်းဂုဏ်ပြု ပြောဆိုခဲ့ခြင်းဖြစ်သည်။

ချင်းအမျိုးသားနေ့သည် ချင်းလူမျိုးများ၏ သူ့ကျွန်မခံလိုသောစိတ်ဓါတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓါတ်၊ အမျိုးသားရေး စိတ်ဓါတ်နှင့်လူထုဆန္ဒအရ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သည့်စနစ်ကို မြတ်နိုးသည့်စိတ်ဓါတ်တို့အပေါ် အခြေခံ၍ ပေါက်ဖွားလာခြင်းဖြစ်ကြောင်း ၎င်းဂုဏ်ပြုသဝဏ်လွှာတွင် KNU က ပြောဆိုထားသည်။

ထို့အပြင် စစ်အာဏာရှင်စနစ်နှင့် အာဏာရှင်စနစ် အလုံးစုံချုပ်ငြိမ်းရေးမှသည် တိုင်းရင်းသားလူမျိုးများနှင့် ချင်းအမျိုး သားများလိုလားသည့် နိုင်ငံရေး ရည်မှန်းချက် ပန်းတိုင်နှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည် ဆောက်နိုင်သည်အထိ KNU အနေဖြင့် လက်တွဲတိုက်ပွဲဝင်သွားမည်ဟု (၇၄)ကြိမ်မြောက် ချင်းအမျိုးသားနေ့တွင် သံဓိဌာန်ပြုကြောင်းလည်း သဝဏ်လွှာ၌ ဖော်ပြခဲ့သည်။

ချင်းအမျိုးသားနေ့ကို အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့(NUG)ကလည်း အလားတူ သဝဏ်လွှာပေးပို့ခဲ့ပြီး စစ်အာဏာ ရှင်စနစ် ချုပ်ငြိမ်းရန်နှင့် ချင်းဒေသလွတ်လပ်ရေးအတွက် ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ခုခံတော်လှန်နေ ကြသည့်အပေါ် ဂုဏ်ယူပြီး ချင်းပြည်နယ်အတွက် ပါဝင်ကူညီနေကြသူများကိုလည်း ကျေးဇူးတင်ကြောင်း NUG က ပြောဆိုထားခဲ့သည်။

၂၀၂၁ခုနှစ်၊ ဧပြီလမှစ၍ ချင်းပြည်နယ်၏ မြို့နယ်အသီးသီးတွင် နယ်မြေကာကွယ်ရေးတပ်ဖွဲ့များ ပေါ်ပေါက်လာပြီး စစ်ကောင်စီကို ရရာလက်နက်ဖြင့် ခုခံတော်လှန်ခဲ့ခြင်းကြောင့် ချင်းပြည်နယ်အတွင်း တိုက်ပွဲများ ပြင်းထန်လာခဲ့ ခြင်း၊ ထန်တလန်မြို့ အပါအဝင် နေရာတော်တော်များများတွင် လူနေအိမ်မီးရှို့ခံရခြင်းနှင့် ပြည်သူ အများအပြား စစ်ဘေးရှောင်အဖြစ် နေရပ်စွန့်ခွာခဲ့ရသည်။

ထို့အပြင် ယနေ့အချိန်ထိလည်း ချင်းပြည်နယ်၏ မြို့နယ်တော်တော်များများတွင် စစ်ကောင်စီနှင့် နှစ်ဖက် တိုက်ပွဲ များ ဆက်လက် ဖြစ်ပွားလျှက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ရက်နေ့လည်း ကရင်တိုင်းရင်းသားများ၏ (၇၄)နှစ်မြောက် ကရင်အမျိုးသားနေ့ ကျရောက်ခဲ့ပြီး တပို့ တွဲလပြည့်ကျော် ၁ရက်ဖြစ်သည့် ဖေဖော်ဝါရီ ၁၆ရက်နေ့ကလည်း (၇၅)နှစ်မြောက် မွန်အမျိုးသားနေ့ ကျရောက်ခဲ့ ကြသည်။

https://kicnews.org/2022/02/အာဏာရှင်ကို-ဆက်လက်တော်လှ/

---------------------------------------------------------------------------------------------------------

## ကော့ကရိတ်တွင် တိုက်ပွဲဖြစ်ပွား၊ စစ်ကောင်စီတပ်က ကျေးရွာထဲ လက်နက်ကြီးဖြင့်ပစ်ခတ်

Published By DVB | 21 February, 2022



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကမိုင်ကုန်းကျေးရွာမှာ ဖေဖော်ဝါရီ ၂၀ ရက် ည ၉ နာရီလောက်က  စစ်ကောင်စီရဲ့တပ်နဲ့ KNLA ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

နယ်မြေကျော်ဝင်ရောက်လာတဲ့ စစ်ကောင်စီတပ်နဲ့ KNLA (ကွန်မန်ဒို) ပူးပေါင်းတပ်တွေအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာမှာ ကျေးရွာအတွင်းကို လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တဲ့အတွက်  လူနေအိမ်တွေ လက်နက်ကြီးစတွေ ထိမှန်ပျက်စီးခဲ့သလို ဒေသခံတွေဟာ ညတွင်းချင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။

ကမိုင်ကုန်းကျေးရွာသား တစ်ဦးက" လက်နက်ကြီးတွေနဲ့ ပစ်ခတ်လို့ ညတွင်းချင်း မှောင်နဲ့မည်းမည်းနဲ့ ထွက်ပြေးခဲ့ရတယ်။  အိမ်တချို့ ထိမှန်တယ်။ တိုက်ပွဲဖြစ်ခဲ့လို့ သက်သက်မဲ့  အရပ်သားပြည်သူတွေကို ဒုက္ခပေးတာ"လို့ ဆိုပါတယ်။

စစ်ကောင်စီရဲ့တပ်တွေဟာ ညအချိန် နယ်မြေကျော်စစ်ရေးလှုပ်ရှားလာတဲ့အတွက် နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့တာဖြစ်ပြီး တိုက်ပွဲအတွင်း စစ်ကောင်စီဘက်က ပစ်ခတ်ပြီး လက်နက်ကြီးနဲ့ပစ်ပြီး ပြန်လည်ဆုတ်ခွာသွားခဲ့တယ်လို့ ကေအန်ယူတာဝန်ရှိသူက ဆိုပါတယ်။

ဖေဖော်ဝါရီ ၁၇ ရက်က နယ်မြေကျော်ဝင်ရောက်လာတဲ့ စစ်ကောင်စီရဲ့တပ်တွေနဲ့ တပ်မဟာ ၆ လက်အောင်ခံနယ်မြေခံ KNLA ပူးပေါင်းတပ်ဖွဲ့ဝင်တွေနဲ့ နှစ်ဖက် တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

လတ်တလော စစ်ကောင်စီရဲ့ စစ်ရေးလှုပ်ရှားမှုတွေကြောင့် ဒေသခံပြည်သူတွေဟာ စားဝတ်နေရေးအတွက် လယ်ယာ၊ ဉယျာဉ်ခြံလုပ်ငန်းတွေကို  လုပ်ကိုင်ဆောင်ရွက်နေရပေမယ့် တိုက်ပွဲတွေဖြစ်ပွားမှာကို စိုးရိမ်နေကြပါတယ်။

နှစ်ဖက်တိုက်ပွဲအတွင်း မြေပြင်လက်နက်ကြီးပစ်ခတ်တာ၊ လေကြောင်းကနေဗုံးကြဲ ပစ်ခတ်တာတွေကြောင့် အရပ်သားပြည်သူတွေ ထိမှန်သေဆုံးပြီး ဒဏ်ရာရရှိခဲ့တဲ့အပြင် နေအိမ်တွေ ထိမှန်ပျက်စီးတာ၊ အိမ်မွေးတိရိစ္ဆာန်တွေပါ  ထိမှန်သေဆုံးခဲ့ပါတယ်။

အဆိုပါတိုက်ပွဲတွေကြောင့် ထောင်နဲ့ချီတဲ့ ဒေသခံပြည်သူတွေဟာ နီးစပ်ရာ ဆွေမျိုးတွေဆီနဲ့ တောတွေထဲမှာ ဒီကနေ့အထိ ထွက်ပြေးတိမ်းရှောင်နေပါတယ်။

https://burmese.dvb.no/archives/518298

-----------------------------------------------------------------------------------------------

## ကမိုင်ကုန်းရွာဘက် ညအချိန် လက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေသခံများ ရှောင်ပုန်းနေရ

**ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo_ စစ်ကောင်စီတပ် ပစ်ခတ်ခဲ့သော လက်နက်ကြီးကျည် (ပုံဟောင်း)

ကော့ကရိတ်မြို့တောင်ဘက် ကမိုင်ကုန်းကျေးရွာဘက်သို့ ဖေဖော်ဝါရီလ ၂၀ ရက်ညက စစ်ကောင်တပ်၏ အကြောင်းမဲ့ လက်နက်ကြီး ပစ်ခတ်ခဲ့သည်အတွက် ဒေသခံများ ညအချိန်မတော် ထွက်ပြေးပုန်းရှောင်နေခဲ့ရပြီး လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်အချို့ ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၁၇ ရက်က ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တပ်မဟာ ၆ နှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲဖြစ်ပြီးနောက်ပိုင်း ဖေဖော်ဝါရီလ ၂၀ ရက်ညက ၎င်းစစ်ကောင်စီတပ်မှ ကမိုင်ကုန်းရွာ ဘက်သို့ အကြောင်းမဲ့ လက်နက်ကြီးအချက် ၂၀ ထက်မနည်းပစ်ခတ်ခဲ့သည်အတွက် ဒေသခံများ ညအချိန်မတော် ထွက်ပြေးပုန်းရှောင်နေခဲ့ရပြီး လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် နေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့သည်ဟု ဒေသခံရွာသားများက ပြောသည်။

"ညက ၈ နာရီလောက်မှာ ကော့ကရိတ်မြို့ဘက်က ပစ်ထုတ်တာ အလုံးကြီး သက်သက်ပါပဲ ၊ ရွာဘက်မှာတော့ တိုက်ပွဲ မဖြစ်ပါဘူး၊ စစ်ကောင်စီတပ်ကလည်း ရွာနားမှာပဲရှိနေတုန်းပဲဆိုတော့ ရွာပြင်ထွက်ပြီး မပြေးရဲဘူး။ ရွာထဲ ရှောင်ပုန်းအိပ်ရတယ်၊ အခုမနက်တော့ ရွာသားအိမ်တချို့တော့ ဟိုထိဒီထိပျက်စီးတာတွေတော့ရှိတယ်။"ဟု ကမိုင်ကုန်း ရွာသားတစ်ဦးက ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် လတ်တလော အခြေအနေရ ညဘက်တွင် ရှောင်အိပ်နေရပြီး နေ့ဘက်တွင် အခြေအနေကြည့်ကာ ကျွဲကျောင်းနွားကျောင်းအလုပ်နှင့် တောင်ယာအလုပ်များကို လုပ်နေရသည်ဟုလည်း ၎င်းကမိုင်ကုန်းရွာသားက ပြောသည်။

အဆိုပါ ကော့ကရိတ် တောင်ပိုင်းဒေသအတွင်း တိုက်ပွဲများ ဖြစ်ပွားနေသည့် အခြေအနေမှာ လက်နက်ကြီးနှင့် လေကြောင်းပစ်ခတ်မှုများကြောင့် ကျေးရွာနေပြည်သူများ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုမှာ ၅ ဦးထက်မနည်းရှိလာနေပြီး နေရပ်စွန့်ခွာ စစ်ပြေးရှောင်နေရဆဲ ဒေသခံနှစ်ထောင်ကျော်မှာ နေရပ်မပြန်နိုင်ရဲကြသေးဘဲ ဆက်လက် စစ်ရှောင်ခိုလှုံနေရဆဲဖြစ်ကြောင်း စစ်ဘေးရှောင်အကူအညီပေးနေသူများက ပြောသည်။

https://kicnews.org/2022/02/ကမိုင်ကုန်းရွာဘက်-ညအချိ/

--------------------------------------------------------------------------------------------------------------

## သောင်ရင်းမြစ်နံဘေးရှိ စစ်ရှောင်ပြည်သူများ အမိုးအကာအထောက်အပံ့များလိုအပ်နေဆဲ

**ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



ယခင်နှစ် ဒီဇင်ဘာလအတွင်းကဖြစ်ပေါ်ခဲ့သည့် လေးကေ့ကော်ဒေသ တိုက်ပွဲကြောင့် သောင်ရင်းမြစ်နံဘေးတွင် ထွက်ပြေးတိမ်းရှောင်နေကြရဆဲ စစ်ဘေးရှောင်ပြည်သူများအတွက် အမိုးအကာနှင့် နေရာထိုင်ခင်း ပြန်လည်ပြုပြင်ရမည့် အထောက်အကူပစ္စည်းများလိုအပ်နေကြောင်း စစ်ဘေးရှောင်

အကူအညီပေးနေသူများထံမှ သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းများအတွင်း အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် စစ်ဘေးရှောင်ပြည်သူများ အမိုးအကာ မလုံခြုံမှုများအပြင် ဟောင်းနွမ်းပျက်စီးမှုများလည်းရှိနေသည့်အပေါ် လတ်တလောတွင် အကူအညီများ လိုအပ်နေဆဲဖြစ်ကြောင်း ဒေါနအရှေ့ခြမ်းအရေးပေါ် စစ်ဘေးရှောင် ကူညီစောင့်ရှောက်ရေးကော်မတီမှ စောအယ်ဟူးက ယခုလိုပြောသည်။

"အခု လတ်တလော မိုးတွေ၊ လေတွေ ရှိနေတဲ့အပေါ် စစ်ဘေးရှောင်တွေ ခိုလှုံနေထိုင်ဖို့အတွက်က အရင်တာလပတ်အမိုးတွေက ရက်ကြာလာတာနဲ့အမျှ ဆွေးလာတာတွေရှိလာတဲ့အတွက် အမိုးအကာအတွက် ဖြစ်စေ နေရာထိုင်ခင်းတွေ ပြန်ပြုပြင်ဖို့အတွက်ဖြစ်စေ အကူအညီကတော့ လိုအပ်နေဆဲဖြစ်တယ်။ ကျန်းမာရေးအတွက် ပဲဖြစ်ဖြစ် စားနပ်ရိက္ခာအတွက်ပဲဖြစ်ဖြစ် လိုအပ်ချက်တွေက အဖက်ဖက်ရှိနေဆဲပါ" ဟု ကေအိုင်စီသို့ ပြောသည်။

ထို့အပြင် လက်ရှိ သောင်ရင်းမြစ်နံဘေးတွင် စစ်ဘေးရှောင်နေဆဲ အရပ်သားပြည်သူများမှာ လူဦးရေ (၅,၀၀၀) ကျော်ခန့်ရှိနေပြီး သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ အမျိုးသမီးများလည်း အများအပြားရှိနေသည့်အပေါ် ၎င်းတို့အနေဖြင့် ရာသီဥတုနှင့် စစ်ဘေးဒဏ်ကို ပိုမိုခံစားနေရကြောင်းလည်း စောအယ်ဟူးက ဆက်ပြောသည်။

အလားတူ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တစ်ကျော့ပြန် တိုက်ပွဲပြန်လည်ဖြစ်ပေါ်ခဲ့ပြီး စစ်ကောင်စီနှင့် နယ်ခြားစောင့်တပ်(BGF) တပ်ဖွဲ့ဝင်များခြေကုပ်ရယူထားသည့် လက်နက်ကြီးကုန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA ပူးပေါင်းတပ်ဖွဲ့မှ ပြန်လည်သိမ်းယူထားပြီး စစ်ကောင်စီဘက်မှလည်း စစ်လေယာဉ် အသုံးပြု၍ လာရောက်ဗုံးကြဲတိုက်ခိုက်မှုတဖန်ပြုလုပ်လာခဲ့သည်။

အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုအတွင်း ဒေသခံ သက်ကြီးရွယ်အိုတစ်ဦး ထိမှန်သွားသလို ဘာသာရေး အဆောက်အအုံနှင့်နေအိမ်တချို့ထိမှန်ပျက်စီးသွားပြီး ဒေသခံပြည်သူများ ထပ်မံပြေးလွှားတိမ်းရှောင်နေကြရကြောင်းလည်း စစ်ဘေးရှောင် ကူညီပေးနေသူများထံမှ သိရသည်။

ပြီးခဲ့သည့် ၂ ရက်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့၍ စစ်ဘေးရှောင်ပြည်သူအချို့ အမိုးအကာမလုံခြုံမှုများကြောင့် နေရာထိုင်ခင်းအချို့ ပျက်စီးသွားပြီး ယာယီ တဲအိမ်များတွင်လည်း ရေဝပ်မှုများဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

https://kicnews.org/2022/02/သောင်ရင်းမြစ်နံဘေးရှိ-စ/

------------------------------------------------------------------------------------------------------

## ပင်လုံမြို့သို့ စစ်ဘေးရှောင်လာသူ ၅၀၀ ဝန်းကျင်ရှိ

By SHAN - February 21, 2022



သျှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် တိုင်းရင်းသားလက်နက်ကိုင် တိုက်ပွဲအချင်းချင်းကြောင့် စစ်ဘေးကြုံတင် ရှောင်လာသည့်သူ (၅၀၀) ကျော် ရှိကြောင်း စုံစမ်းသိရှိရသည်။

လဲချားမြို့နယ် ဝမ်းယိမ်းကျေးရွာအုပ်စု နှင့် ပင်လုံမြို့နားတစ်ကျေးရွာအုပ်စုတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် မြောက်ပိုင်းမဟာမိတ် တို့ တိုက်ပွဲကြောင့် ဒေသခံပြည်သူများက ပင်လုံမြို့တွင်းသို့ စစ်ဘေးရှောင်လာခဲ့ကြောင်း သိရသည်။

"သူတို့တွေက စစ်ဘေးကို ကြိုရှောင်လာကြတာ။ တချို့နေရာမှာတော့ ပစ်ခတ်နေကြပြီ။ ပင်လုံမြို့ထဲက ရှောင်လာတဲ့သူတွေက ၅၀၀ ကျော်လောက်တော့ရှိနေပြီထင်တယ်။ ကျနော်တို့လည်း စာရင်း အတိကျ

မရသေးဘူး။ အခုပဲ လိုက်ကောက်နေသေးတယ်” ဟု ပင်လုံမြို့ ဒေသခံ အသက် ၃၅ နှစ်ကျော် အမျိုးသားတစ်ဦးက ပြောသည်။

ပင်လုံမြို့သို့ ရောက်ရှိလာသူများသည် တစုတစည်းတည်း စစ်ရှောင်စခန်းတွင် နေထိုင်ခြင်းမဟုတ်ဘဲ ဆွေမျိုးအိမ်များတွင် သွားရောက် ခိုလှုံနေကြကြောင်း သိရသည်။

ထိုသို့ တိုက်ပွဲပြင်းထန်လာပါက စစ်ရှောင်များကို ကူညီနိုင်ရန်အတွက် ယမန်နေ့ ဖေဖော်ဝါရီ ၂၀ က ပင်လုံမြို့ဒေသခံများနှင့် သံဃာများက အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

“အခုပင်လုံမှာရောက်နေကြတဲ့ စစ်ရှောင်တွေဟာ မိတ်ဆွေ၊ ဆွေမျိုးအိမ်တွေမှာပဲ သွားနေကြတာ။ တစ်နေရာထဲမှာ စုနေကြတာတော့မဟုတ်ဘူး။ ကျနော်တို့လည်း အခု စာရင်းကောက်နေတယ်။ တကယ်လို့ စစ်ဘေးရှောင်တွေများလာပြီး နေစရာမရှိဘူးဆိုရင်လည်း ကျနော်တို့ဘက်ကနေ နေရာတွေ စီစဉ်ပေးထားတယ်” ဟု စစ်ရှောင်များကို ကူညီပေးနေသည့် လူငယ်အမျိုးသားက ဆိုသည်။

RCSS နှင့် မြောက်ပိုင်းမဟာမိတ်တို့သည် မိုင်းကိုင်မြို့နယ်အတွင်းသို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး ယခုရက်ပိုင်းတွင် လဲချားမြို့နှင့် ပင်လုံမြို့ကြားရှိ ကျေးရွာတစ်ချို့သို့ စစ်မီးကူးလာခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်ထိ နှစ်ဘက်တပ်များ စစ်ရေးတင်းမာနေလျက်ရှိကြောင်း သိရသည်။

https://burmese.shannews.org/archives/27047

---------------------------------------------------------------------------------------------------------

## ကုလသမဂ္ဂကြောင့် မြန်မာ့မူးယစ်ဆေးပြဿနာ ပိုမိုဆိုးရွားနေသလား

By Bertil Lintner | 19 February 2022

အရှေ့တောင်အာရှတွင် မကြာသေးမီက မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု အများအပြားကြောင့် ဒေသတွင်းတွင် တရားမဝင် မူးယစ်ဆေးထုတ်လုပ်မှု ကြီးထွားနေကြောင်း နိုင်ငံတကာအေဂျင်စီ အချို့အနေဖြင့် ကောက်ချက်ချစရာ ဖြစ်နေသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက လာအိုနိုင်ငံတွင် မက်သာဖက်တမင်းဆေးပြား ၅၅ သန်းနှင့် မက်သ် ပုံဆောင်ခဲ ၁ ဒသမ ၅ တန်ကို ဖမ်းမိပြီး ယခုနှစ်အတွင်းဆိုပါက ဆေးပြား ၁ ဘီလီယံနီးပါး၊ ဘိန်းဖြူ ၆ တန်နှင့် မက်သ် ပုံဆောင်ခဲ ၄ ဒသမ ၄ တန်ကို ဖမ်းမိခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ လွန်ခဲ့သောတနှစ်က အာဏာသိမ်းပြီး မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တွင် အောက်တိုဘာလ ၂၈ ရက်နေ့နောက်ပိုင်း လုံခြုံရေးနှင့် အုပ်ချုပ်ရေး ပြိုကွဲသွားခြင်းကြောင့် ဖြစ်ကြောင်း ဘန်ကောက်ရှိ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုရုံး (UNODC) မှ ဂျရမီ ဒေါက်ဂလပ်စ်က Reuters သတင်းဌာနသို့ ပြောသည်။

*အခုလောလောဆယ်မှာ မြန်မာရဲတွေက ပုန်ကန်မှုတွေ၊ တိုင်းရင်းသား လက်နက်ကိုင်တွေကိုပဲ ရင်ဆိုင်နေရတယ်။ ဒါကြောင့် တခြားကိစ္စတွေကို သူတို့ မစဉ်းစားနိုင်ကြဘူး။ မူးယစ်ဆေးဝါး ရောင်းသူတွေအတွက် လွတ်လပ်နေတယ်*

“အခုလောလောဆယ်မှာ မြန်မာရဲတွေက ပုန်ကန်မှုတွေ၊ တိုင်းရင်းသား လက်နက်ကိုင်တွေကိုပဲ ရင်ဆိုင်နေရတယ်။ ဒါကြောင့် တခြားကိစ္စတွေကို သူတို့ မစဉ်းစားနိုင်ကြဘူး။ မူးယစ်ဆေးဝါး ရောင်းသူတွေအတွက် လွတ်လပ်နေတယ်” ဟု ဒေါက်ဂလပ်စ်က ဩစတြေးလျ ရုပ်သံလွှင့်ကော်ပိုရေးရှင်း (ABC) သို့ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်လည်း ပြောခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဒေါက်ဂလပ်စ်က Reuters သတင်းဌာနသို့ “အရင်ကတည်းကကို မြန်မာမြောက်ပိုင်းမှာ မက်သ်တွေ အကြီးအကျယ် ထုတ်လုပ်နေရာကနေ မနှစ်ကတော့ ပိုလို့တောင် တိုးလာတယ်။ နေးကွေးသွားမယ့် အလားအလာလည်း မတွေ့ရဘူး” ဟု ပြောသည်။

သို့သော် ဝေဖန်သုံးသပ်နေသူများက ထိုအခြေအနေကို လုံးဝမတူညီသော ရှုထောင့်မှ မြင်ကြသည်။ ဒေါက်ဂလပ်စ်၏ မလွတ်မကင်း ဖြစ်နေသော စကားလုံးရွေးချယ်မှုဖြစ်သည့် “တခြားကိစ္စတွေကို သူတို့ မစဉ်းစားနိုင်ကြဘူး” ဆိုသည့် စကားသည် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ပစ်ခတ်သတ်ဖြတ်ခြင်းကို ရည်ရွယ်သောကြောင့် သဘောမတူနိုင်သည့်အပြင် မူးယစ်ဆေးဝါးဖမ်းဆီးမှု များပြားလာခြင်းတွင် အကြောင်းရင်းများစွာ ရှိကြောင်းနှင့် ထုတ်လုပ်မှုမြင့်မားလာသည်ဟု မယူဆနိုင်ကြောင်းပြောကြသည်။

### *ဖမ်းဆီးရရှိမှု တိုးလာခြင်းသည် အခြားအကြောင်းများကြောင့် ဖြစ်နိုင်ပြီး ထုတ်လုပ်မှုတွင် အလားတူတိုးလာသည်ဟု မယူဆနိုင်ပေ*

နယ်သာလန် အခြေစိုက် သုတေသန အဖွဲ့အစည်းဖြစ်သော Transnational Institute (TNI) က ဒီဇင်ဘာလ၌ ထုတ်ပြန်သည့် အစီရင်ခံစာတစောင်တွင် “မြန်မာနိုင်ငံသည် ကမ္ဘာတွင် အမ်ဖက်တမင်းပုံစံ စိတ်ကြွဆေး (ATS) အများဆုံး ထုတ်လုပ်သည့် နိုင်ငံမဟုတ်လျှင်ပင် အများဆုံးထုတ်လုပ်သော နိုင်ငံများအနက်မှ တနိုင်ငံဖြစ်နေပြီး ထုတ်လုပ်မှု ရုတ်တရက် အကြီးအကျယ် မြင့်မားလာသည်ဆိုသည့် သိမ်းကြုံးပြောဆိုချက်များကို သတိထားစဉ်းစားရန် လိုသည်။ ဖမ်းဆီးရရှိမှု တိုးလာခြင်းသည် အခြားအကြောင်းများကြောင့် ဖြစ်နိုင်ပြီး ထုတ်လုပ်မှုတွင် အလားတူ တိုးလာသည်ဟု မယူဆနိုင်ပေ” ဟု ရေးသားခဲ့သည်။

ယနေ့အခြေအနေတွင် မြင်သာသည့် အကြောင်းရင်းမှာ ကိုဗစ်နိုင်တင်း ကပ်ရောဂါကြောင့် ထိုင်းနှင့် လာအိုမှ နယ်စပ်လုံခြုံရေး တပ်ဖွဲ့များသည် ၎င်းတို့နယ်စပ်အသီးသီးမှ လှုပ်ရှားမှုများ အားလုံးကို ပိုမို စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

နောက်ထပ် အကြောင်းရင်းတခုမှာ မူးယစ်ဆေး သယ်ဆောင်သူအသစ်များကို အသုံးပြုနေခြင်းနှင့် ထိုသယ်ဆောင်သူအသစ်များသည် အတွေ့အကြုံရင့် သယ်ဆောင်သူများ မလုပ်သည့် စွန့်စားမှုများကို ပြုလုပ်ခြင်းဖြစ်နိုင်သည်။ သို့မဟုတ် ထူးထူးခြားခြား မည်သည့်အကြောင်းမျှ မရှိဘဲလည်း ဖြစ်နိုင်သည်။ ဖမ်းဆီးရရှိမှု အရေအတွက်နှင့် ပမာဏသည် ထုတ်လုပ်မှုနှင့် မပတ်သက်ဘဲ အတက်အကျများ ရှိနေတတ်သည်။

အမ်ဖက်တမင်း သို့မဟုတ် ယာဘ (ရူးသွပ်ဆေး) အပါအဝင်ဖြစ်သော ATS ထုတ်လုပ်မှုသည် တရားဝင်ဈေးကွက်မှ ဓာတုပစ္စည်းများ ရရှိမှုအပေါ်တွင် လုံးဝမူတည်နေပြီး ဘိန်းဖြူထုတ်လုပ်သည့် ဘိန်းပင်ကဲ့သို့သော အပင်များ စိုက်ပျိုးရန် မလိုကြောင်း TNI က ထောက်ပြသည်။ ဘိန်းစိုက်ပျိုးမှုကို ဂြိုလ်တု ဓာတ်ပုံများ၊ မြေပြင်ကွင်းဆင်းမှုများအရ စောင့်ကြည့်နိုင်သည်။ ထို့ကြောင့် ATS ထုတ်လုပ်မှုကို ဖုံးကွယ်ထားရန် လွယ်ကူပြီး ထုတ်လုပ်မှုကို ခန့်မှန်းခြင်းသည် ယုံကြည်ရန် ခက်ခဲသည်ဟုလည်း ဆိုသည်။

### *ထုတ်လုပ်မှု တိုးလာတယ်ဆိုတဲ့ ပြောဆိုမှုအားလုံးက ရဲတွေဖမ်းဆီးရရှိမှု သတင်းအချက်အလက်တွေကိုပဲ အခြေခံပြောနေကြပြီး မြေပြင်အခြေအနေ သုတေသနအပေါ် အခြေမခံကြဘူး*

ဧရာဝတီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းမှုတခုတွင် ရွှေတြိဂံဒေသ မူးယစ်ဆေးဝါးကုန်သွယ်မှုကို သိရှိသူတဦးက “ထုတ်လုပ်မှု တိုးလာတယ်ဆိုတဲ့ ပြောဆိုမှုအားလုံးက ရဲတွေ ဖမ်းဆီးရရှိမှု သတင်းအချက်အလက်တွေကိုပဲ အခြေခံပြောနေကြပြီး မြေပြင်အခြေအနေ သုတေသနအပေါ် အခြေမခံကြဘူး” ဟု ပြောသည်။

မြန်မာရဲတပ်ဖွဲ့၏ ရင်းမြစ်များကို မူးယစ်းဆေး နှိမ်နင်းရေးအတွက် မသုံးဘဲ အခြားကိစ္စများအတွက် သုံးနေသည်ဆိုသည့် ပြောဆိုချက်သည်လည်း အလားတူပင် ပြဿနာရှိနေသည်။ ရဲတပ်ဖွဲ့များကို ရွှေတြိဂံဒေသမှ ခေါ်ယူပြီး နိုင်ငံအတွင်း အခြားဒေသများတွင် မတည်ငြိမ်မှုများကို ထိန်းချုပ်ရန် သုံးနေသည် ဆိုသည့် ယုံကြည်လောက်သော သတင်းမရရှိပေ။

သို့ရာတွင် ဒေါက်ဂလပ်စ်၏ အမြင်ကဲ့သို့ အလားတူသော အမြင်များလည်း ရှိရာ နိုင်ငံတကာအကျပ်အတည်း လေ့လာရေးအဖွဲ့ (ICG) မှ မြန်မာဆိုင်ရာအကြံပေး ရစ်ချတ်ဟိုဆေးက ပြီးခဲ့သည့် ဩဂုတ်လ ၂၂ ရက်နေ့ Financial Times တွင် ထုတ်ဝေသည့် ဆောင်းပါးတပုဒ်တွင် "ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ကိစ္စများသည် ရဲများ၏ မူးယစ်ဆေးဝါး တိုက်ဖျက်မှုများကို လုံးဝလမ်းကြောင်း လွဲသွားစေပြီး ရာဇဝတ်ဂိုဏ်းများအတွက် အကောင်းဆုံး အခြေအနေကို ဖြစ်စေကာ တရားဥပဒေ စိုးမိုးရေး အာဏာပိုင်များ အလွယ်တကူ မရောက်နိုင်သည့် လစ်ဟာသောနေရာများတွင် အောင်မြင်စွာ လှုပ်ရှားလာကြသည်" ဟု ရေးသားသည်။

ထိုသို့ ဆိုလိုခြင်းကြောင့် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများကို သေဒဏ်များအပါအဝင် ပြင်းထန်သော ထောင်ဒဏ်များ ချမှတ်နေသည့် တရားဥပဒေစိုးမိုးရေး အာဏာပိုင်များသည် ထိုကိစ္စများမလုပ်ပါက မူးယစ်ဆေးဝါးမှောင်ခိုမှုကို နှိမ်နင်းနိုင်သည်ဆိုသည့် သဘောသက်ရောက်စေသည်။



ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးမှု / ကျော်ခ / ဧရာဝတီ

ဒေသတွင်းမှ မူးယစ်ဆေးဝါး ထုတ်လုပ်မှုကို ထိုသို့မှားယွင်းစွာ ယူဆခြင်းများကို ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးတော်ပုံ နောက်ပိုင်းတွင်လည်း ပြုလုပ်ခဲ့ကြသည်။ မြန်မာမှ ဘိန်းနှင့် တဆင့်မြင့်ထုတ်ကုန် ဘိန်းဖြူ ထုတ်လုပ်သည့် ၁၉၈၀ ပြည့်နှစ်များနောက်ပိုင်းနှင့် ၁၉၉၀ ပြည့်နှစ်များ အစောပိုင်းတွင် စံချိန်တင် မြင့်မားသွားသောအခါ ထိုင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ဟောင်း ဒန်နီယယ် အိုဖွန်နာဟူးက ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာ တွေ့ဆုံမေးမြန်းခန်းတွင် "အရင်တုန်းက မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်နေတဲ့ စစ်တပ်တွေကို ရုတ်သိမ်းပြီး စစ်အုပ်ချုပ်ရေး ချမှတ်ဖို့ ဖြန့်ကျက်ထားရတယ်" ဟု ပြောသည်။

လက်တွေ့တွင်မူ ၁၉၈၈ ခုနှစ် ဆန္ဒပြပွဲများကို နှိမ်နင်းရန်နှင့် ပုန်းအောင်းနေသူများကို လိုက်လံဖမ်းဆီးရာတွင် အဓိက အသုံးပြုသည့်တပ်များမှာ ဘိန်းစိုက်ပျိုးမှုမရှိသည့် ကရင်ပြည်နယ်မှ အမှတ် ၂၂ နှင့် ၄၄ ခြေမြန်တပ်များ ဖြစ်သည်။

UNODC ၏ ပြဿနာမှာ ထိုအဖွဲ့အစည်းသည် ၎င်းတို့လုပ်ငန်းဆောင်ရွက်သည့် နိုင်ငံများမှ အကျင့်ပျက် အာဏာပိုင်များနှင့် မကြာခဏဆိုသလို ပူးပေါင်းဆောင်ရွက်ရန်မှအပ အခြားရွေးစရာ မရှိသောကြောင့် မူးယစ်ကုန်သွယ်မှုတွင် အစိုးရအရာရှိများ ပါဝင်ပတ်သက်နေခြင်းအား မသိကျိုးကျွံပြုနေရသည့် ရှည်လျားသော သမိုင်းရှိကြောင်း ဝေဖန်ဆန်းစစ်သူများက ပြောသည်။

"(ယခင်နှစ်က) ဘိန်းစိုက်ပျိုးမှု အထူထပ်ဆုံးနေရာမှာ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ထိန်းချုပ်ထားသည့် ဒေသဖြစ်သည်" ဟု ၂၀၁၉ ခုနှစ်က UNODC အစီရင်ခံစာတွင် ဖော်ပြသည်။

KIA ၏ နိုင်ငံရေးအဖွဲ့အစည်းဖြစ်သော ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) သည် ထိုအစီရင်ခံစာကို ပထမဆုံး တုံ့ပြန်သည့် အဖွဲ့အစည်းဖြစ်ပြီး UNODC ၏ မြေပုံတွင် ဖော်ပြထားသည့် ဘိန်းစိုက်ပျိုးသည့်ဒေသသည် ၎င်းတို့ ထိန်းချုပ်ဒေသ မဟုတ်ဘဲ အစိုးရက အသိအမှတ်ပြုထားသည့် ပြည်သူ့စစ်များနှင့် စစ်အုပ်စုနှင့် မဟာမိတ် ဖွဲ့ထားသည့် နယ်ခြားစောင့်တပ်များ ထိန်းချုပ်ဒေသဖြစ်ကြောင်း ကြေညာချက်တစောင်တွင် ဖော်ပြလိုက်သည်။

၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် TNI က ကြေညာချက်တစောင် ထုတ်ပြန်ပြီး "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပြဿနာ (ထိုစဉ်က ဘိန်းစိုက်ပျိုးမှု) တွင် အပြစ်လွှဲချခြင်းကို ပြည်တွင်းနှင့် နိုင်ငံတကာ ဇာတ်ကောင်အမျိုးမျိုးက ပြုလုပ်နေသည်မှာ ကာလကြာမြင့်ပြီ ဖြစ်သည်။ ထိုသို့သော စွပ်စွဲချက်များသည် ပြဿနာကို လမ်းကြောင်းလွှဲစေခြင်း၊ မြေပြင်ပကတိ အခြေအနေများကို လျစ်လျူရှုခြင်းတို့ကိုသာ ဖြစ်စေပြီး မြင့်မားသည့် အဂတိလိုက်စားမှုများနှင့် ဒေါ်လာသန်းပေါင်းများစွာ တန်ကြေးရှိသည့် ဒေသတွင်း မူးယစ်ဆေးဝါး ကုန်သွယ်မှု ထွန်းကားစေခြင်းကိုသာဖြစ်စေသည်" ဟု ဖော်ပြခဲ့သည်။

*UNODC သည် မူးယစ်ဆေးကုန်သွယ်မှုတွင် အစိုးရအရာရှိများ ပါဝင်ပတ်သက်နေသည်ကို ဖုံးကွယ်ပေးပြီး မြန်မာမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို အပြစ်တင်သည့် ရှည်လျားသော သမိုင်းရှိသည်။*

UNODC သည် မူးယစ်ဆေးကုန်သွယ်မှုတွင် အစိုးရအရာရှိများ ပါဝင်ပတ်သက်နေသည်ကို ဖုံးကွယ်ပေးပြီး မြန်မာမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို အပြစ်တင်သည့် ရှည်လျားသော သမိုင်းရှိသည်။

UNODC က ထုတ်ပြန်သည့် သတင်းအချက်အလက်များကို ကိုးကားပြီးနောက် Reuters သတင်းဌာနက ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ထုတ်ဝေသည့် သတင်းတပုဒ်တွင် ရွှေတြိဂံဒေသကို အာရှရာဇဝတ်ဂိုဏ်းများနှင့် မြန်မာမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့က စီမံနေကြောင်း ဖော်ပြကာ တရားခံရင်းဖြစ်ပြီး ရွှေတြိဂံဒေသတွင် မူးယစ်ဆေးကုန်သွယ်မှုအတွက် အဓိကတာဝန်ရှိသည့် မြန်မာစစ်အုပ်စု၏ မဟာမိတ် ဒေသခံ လက်နက်ကိုင်များအကြောင်း စကားလုံးတလုံးပင် ရေးသားခြင်း မရှိပေ။

UNODC နှင့် အနောက်တိုင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအရာရှိများက ရွှေတြိဂံဒေသတွင် ဘိန်းဘုရင်သစ် ပေါ်ပေါက်နေသည်ဟု ပြောကြားလိုက်သည့် ၂၀၁၉ ခုနှစ်တွင် ထိုဒေသမှ မူးယစ်ဆေး မှောင်ခိုမှုနှင့် ပတ်သက်သည့် မှားယွင်းသော အယူအဆများ ပေါ်ပေါက်ခဲ့သည်။

သူ၏အမည်မှာ ဆမ်ကော (အကိုကြီး ၃) ဟုသိကြသည့် တရုတ်နိုင်ငံဖွား ကနေဒါနိုင်ငံသား စီချီလော့ ဖြစ်သည်။ သူသည် ထိုဒေသအတွင်းမှ တရားမဝင်ဘဲ ကျယ်ပြန့်သည့် အမ်ဖက်တမင်း ထုတ်လုပ်မှုအများစုကို ထိန်းချုပ်ထားသော ဂိုဏ်းတခု၏ ခေါင်းဆောင်ဖြစ်သည်ဟု ကျော်ကြားသည်။

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် Reuters သတင်းဌာနက ၎င်းတို့၏ နက်ရှိုင်းသော လေ့လာစုံစမ်းမှုတခုတွင် စီ၏ အာရှမက်သ် ဂိုဏ်းအကြောင်းကို ဖွင့်ချလိုက်သည်။ သတင်းအရ ထိုဂိုဏ်းသည် ဒေသတွင်း ကျယ်ပြန့်သည့် မူးယစ်ဆေးလုပ်ငန်းအများစုကို ထိန်းချုပ်ထားသည် ဟုဆိုသည်။ Reuters သတင်းက စီသည် အာရှမှ လူဆိုးဂိုဏ်း ၅ ခုနှင့် မဟာမိတ်ဖွဲ့ကာ နိုင်ငံတကာ မူးယစ်ဂိုဏ်းကြီးတခုကို စီမံအုပ်ချုပ်နေသည့် အာရှမှ အလိုအရှိဆုံး သူဖြစ်သည်ဟု ဖော်ပြသည်။

စီ၏ မူးယစ်ဂိုဏ်းအတွက် ၂၀၁၈ ခုနှစ်က ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇ ဘီလီယံဖြစ်သည်ဟု UNODC က ခန့်မှန်းကြောင်း၊ အာရှတွင် မူးယစ်ဆေးမှောင်ခိုမှုသည် ဂျပန်မှ နယူးဇီလန်အထိ ကျယ်ပြန့်ကြောင်း ထိုသတင်းတွင် ဖော်ပြသည်။ ထိုသတင်းတွင်ပင် ဒေါက်ဂလပ်စ်က "စီသည် အယ်လ်ကပုန် သို့မဟုတ် ပတ်ဗလို အက်စကိုဘာတို့နှင့် အဆင့်တူ ဖြစ်သည်။ မူးယစ်ရာဇာဆိုသော စကားလုံးကို မကြာခဏ မှားယွင်း သုံးတတ်ကြသော်လည်း ယခုတကြိမ်တွင်မူ ထိုစကားလုံးကို သုံးရမည်ဖြစ်သည်" ဟု ပြောကြောင်း ဖော်ပြထားသည်။

အခြားပိုမိုသိရှိနားလည်သည့် ဝါရင့်လေ့လာသူများကမူ အာရှမူးယစ်ကုန်သွယ်မှုကို ဟောလိဝုဒ် ရုပ်ရှင်ပုံစံမျိုးဖြင့် ရှုမြင်ကြခြင်းကို သဘောမတူပေ။ အာရှ မူးယစ်မှောင်ခိုလုပ်ငန်းကို လျော့တိလျော့လျဲဖွဲ့စည်းထားသည့် အလွတ်သဘောဆန်သော ကွန်ရက်များကသာ စီမံနေခြင်းဖြစ်ပြီး သြဇာအကြီးမားဆုံး မူးယစ်ရာဇာ မရှိဟု ၎င်းတို့က ပြောသည်။

အမေရိကန်ပြည်ထောင်စုမှ အကျွမ်းကျင်ဆုံး ရာဇဝတ်မှုဗေဒပညာရှင် နှစ်ဦးဖြစ်သည့် ကိုလင်ချင်နှင့် ရှယ်လ်ဒန်ကျောင်တို့က တရုတ်ဘိန်းဖြူမှောင်ခိုလုပ်ငန်း၊ ရွှေတြိဂံ-အရှေ့တောင်အာရှ မူးယစ်ကုန်သွယ်မှု အတွင်းရေး စသည့် စာအုပ်များနှင့် အခြားစာတမ်းများ၊ ဆောင်းပါးများတွင် တရုတ် မူးယစ်ဆေး ရာဇဝတ်ကွန်ရက်များကို ဘေးချင်းယှဉ်လျက် ပုံစံ၊ ပျော့ပြောင်းစွာနှင့် အခြေအနေကို အသုံးချ ဖွဲ့စည်းထားကြောင်း ၎င်းတို့က ရေးသားသည်။

"အောက်ခြေမှ အမေရိကန် မူးယစ်တိုက်ဖျက်ရေး အရာရှိများကပင် မူးယစ်ရာဇာဆိုသူများ မရှိကြောင်းနှင့် တရုတ်နှင့် အရှေ့တောင်အာရှတွင် မူးယစ်ရာဇာများကို မတွေ့ဖူးကြောင်း ဝန်ခံကြသည်" ဟုလည်း ၎င်းတို့က ဆွေးနွေးပွဲများတွင် ပြောသည်။




၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့က နိုင်ငံတကာ မူးယစ်ဆေးသုံးစွဲမှုနှင့် ကုန်ကူးမှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အဖြစ် ကျင်းပသည့် ဖမ်းဆီးရမိ အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၇ သန်းကျော်တန် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးရန် ပြင်ဆင်နေစဉ် / ဧရာဝတီ

ထို့အပြင် မူးယစ်ဆေးမှောင်ခိုမှုတွင် လူဆိုးဂိုဏ်းများ ထူးထူးခြားခြား ပါဝင်ပတ်သက်မှုရှိသည့် အထောက်အထား မတွေ့ကြောင်း ချင်နှင့်ကျောင်တို့က ၎င်းတို့၏ စာအုပ်များနှင့် စာတမ်းများတွင် ပြတ်ပြတ်သားသား ပြောကြားထားသည်။ အချို့သော လူဆိုးဂိုဏ်းဝင်များသည် မူးယစ်မှောင်ခိုမှုနှင့် ပတ်သက်နေသော်လည်း ၎င်းတို့၏ အဓိက တရားမဝင် ဝင်ငွေသည် ဆောက်လုပ်ရေး လုပ်ငန်းများ၊ ခြိမ်းခြောက်ငွေတောင်းခြင်း၊ လောင်းကစား၊ ပြည့်တန်ဆာလုပ်ငန်းနှင့် လိမ်လည်မှုများမှ ရရှိသော ဝင်ငွေများ ဖြစ်သည်။

လက်တွေ့တွင် မူးယစ်ရာဇာဆိုသည့် စကားလုံးကို အသုံးပြုခြင်းသည် ရွှေတြိဂံဒေသ မူးယစ်ဆေးဝါး နှိမ်နင်းမှုတွင် လွဲမှားယူဆစေသော စကားလုံးဖြစ်နေသည်။ ထိုစကားလုံးမှာ လူတိုင်းသိနိုင်သည့် တရားဝင် စီးပွားရေး လုပ်ငန်းများနှင့် အစိုးရအရာရှိများ အပါအဝင် အခြားသူများက မူးယစ်မှောင်ခိုလုပ်ငန်း လုပ်ကိုင်နေစဉ် လမ်းကြောင်းလွှဲရန် တီထွင်ထားသည့် စကားလုံး ဖြစ်နေသည်။ သို့သော် ထိုသို့သော သူများ၏ အမည်ကို ဖော်ထုတ်လိုက်ခြင်းသည် သံတမန်ရေး သာမက ဥပဒေကြောင်းအရလည်း အကျိုးဆက်များ ရှိလာနိုင်သည်။

ထို့နောက် လွန်ခဲ့သောနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စီချီလော့ကို ဒတ်ချ်ရဲတပ်ဖွဲ့က ဆီဖောလေဆိပ်တွင် ဖမ်းဆီးလိုက်သည်။ အံ့သြစရာကောင်းသည်မှာ သူသည် အမည်ဆိုးကျော်ကြားလှသော ရာဇဝတ်ကောင် ဖြစ်သည့်တိုင် ထိုင်ဝမ်မှ ကနေဒါသို့ သွားရန် လေယာဉ်ပြောင်းစီးချိန်တွင် ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။ ထို အာရှ အယ်လ်ကပုန်ကို ဖမ်းဆီးထားသည့် တနှစ်တာကာလအတွင်း ရွှေတြိဂံဒေသ မူးယစ်ဆေးဝါး ထုတ်လုပ်မှုသည် ကျဆင်းမသွားဘဲ သိသိသာသာ တိုးလာနေသည်။

### *မြန်မာနိုင်ငံတွင် မူးယစ်ဆေးထုတ်လုပ်မှု တိုးလာနေသည်ဆိုသည့် UNODC ၏ မကြာသေးမီက အစီရင်ခံစာနှင့် စိတ်ကူးယဉ်ဆန်သည့် မူးယစ်ရာဇာ ဇာတ်လမ်းများကို မေးခွန်းထုတ်စရာ ဖြစ်နေသည်*

မြန်မာနိုင်ငံတွင် မူးယစ်ဆေးထုတ်လုပ်မှု တိုးလာနေသည်ဆိုသည့် UNODC ၏ မကြာသေးမီက အစီရင်ခံစာနှင့် စိတ်ကူးယဉ်ဆန်သည့် မူးယစ်ရာဇာ ဇာတ်လမ်းများက မေးခွန်းထုတ်စရာ ဖြစ်နေသည်။

ပိုမိုစိတ်ပျက်စရာကောင်းသည်မှာ UNODC က ရန်ကုန်တွင် အခြေစိုက်မည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် ရာဇဝတ်မှု တိုက်ဖျက်ရေး အရာရှိတဦးကို ခန့်ထားရန် ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် မကြာသေးမီက ကြေညာခြင်း ဖြစ်သည်။ ထိုကြော်ငြာအရ အရာရှိသည် (ကုလသမဂ္ဂ၏ သဘောထားနှင့်အညီ) အစိုးရအဖွဲ့အစည်းများ၊ လူမှုအခြေပြု အဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများ၊ ဘဏ္ဍာရေး အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အစိုးရဆိုသည်မှာ မည်သည့်အစိုးရကို ရည်ညွှန်းကြောင်း ဖော်ပြမထားသော်လည်း ထိုအရာရှိသည် ရန်ကုန်တွင် အခြေစိုက်သောကြောင့် ၎င်းဆက်သွယ်ရမည်မှာ စစ်ကောင်စီခန့်အစိုးရသာ ဖြစ်ပုံရသည်။ ထိုသဘောထားနှင့် အညီပင် စစ်ကောင်စီခန့် ပြည်ထဲရေး ဒုဝန်ကြီး ဒုဗိုလ်ချုပ်ကြီး သန်းလှိုင်ကို လွန်ခဲ့သောနှစ် ဧပြီလက ဩစတြီးယားနိုင်ငံ၊ ဗီယင်နာတွင် ကျင်းပသည့် မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင် (CND) ၏ ၆၄ ကြိမ်မြောက် အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခဲ့ခြင်း ဖြစ်သည်။

CND သည် UNODC ကို အုပ်ချုပ်သည့် အဖွဲ့အစည်းဖြစ်ပြီး ထိုအစည်းအဝေးကို စစ်ကောင်စီထိန်းချုပ် မီဒီယာများက အကြီးအကျယ် ဖော်ပြကြသော်လည်း လူထုအခြေပြု အဖွဲ့အစည်းများ၏ ဝေဖန်မှုများကို

ဖြစ်စေခဲ့သည်။ ရဲနှင့် သတင်းတပ်ဖွဲ့ နှစ်ခုလုံးကို ထိန်းချုပ်သည့် ဝန်ကြီးဌာနမှ အရာရှိကြီးတဦး ဖြစ်သော ဗိုလ်ချုပ် သန်းလှိုင်သည် အာဏာသိမ်းပြီးနောက် ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများကို နှိမ်နင်းရာတွင် အဓိကအခန်းမှ ပါဝင်သည်။ သူ့ကို အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က အမည်ပျက်စာရင်းတွင် တရားဝင် ထည့်သွင်းထားသည်ဆိုသည့် အချက်ကိုလည်း CND က ထည့်သွင်းစဥ်းစားခြင်း မရှိပေ။

ထိုသို့ ဆိုးရွားသည့် အမှားအယွင်းများ ရှိသော်လည်း မူးယစ်ဆေးဝါး သုံးစွဲမှုသည် ဒေသတွင်းတွင် အဓိကကျသည့် လူမှုပြဿနာတခု ဖြစ်သည်ဆိုသည့်အချက်ကို ငြင်းပယ်နိုင်ခြင်း မရှိပေ။ အရှေ့တောင်အာရှ နိုင်ငံအများအပြားမှ တရားဝင်ထုတ်ပြန်သည့် စာရင်းများအရ ATS ပုံစံ မူးယစ်ဆေးသုံးစွဲသူ ၉ ဒသမ ၈၆ သန်းမက ရှိနေပြီး အခြားသူ ၃ ဒသမ ၆၇ သန်းသည် စိတ်ငြိမ်ဆေး သုံးစွဲကာ ၃ ဒသမ ၂၉ သန်းက ဘိန်း သို့မဟုတ် ဘိန်းဖြူကို သုံးစွဲနေကြောင်း သိရသည်။

ထို့ကြောင့် မူးယစ်မှောင်ခိုများသည် ဒေါ်လာသန်း ဆယ်ပေါင်းများစွာ ရရှိနေပြီး အကျင့်ပျက်ခြစားသည့် ရဲများနှင့် အခြားအရာရှိများသည်လည်း ငွေအကြီးအကျယ်ရနေကြကာ မူးယစ်ဆေးသုံးစွဲသူများသည် ၎င်းတို့ မူးယစ်ဆေးသုံးစွဲရန် ငွေကြေး ရရှိရေးအတွက် ရာဇဝတ်မှုများကို ကျူးလွန်နေကြသည်။

ဝမ်းနည်းစရာကောင်းသော အမှန်တရားမှာ UNODC သည် ပြဿနာကို မဖြေရှင်းနိုင်ရုံသာမက ပြဿနာ၏ တစိတ်တပိုင်း ဖြစ်နေခြင်းဖြစ်သည်။

*(ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ UN Contributing to Myanmar’s Drug Problem ကို ဘာသာပြန်ဆိုသည်။ Bertil Lintner သည် အာရှအကြောင်း ဆယ်စုနှစ် ၄ ခုကြာရေးသားခဲ့သည့် ဆွီဒင်စာရေးဆရာနှင့် သေနင်္ဂဗျူဟာ အတိုင်ပင်ခံဖြစ်သည်။)*

https://burma.irrawaddy.com/article/2022/02/19/250051.html

-----------------------------------------------------------------------------------------